စိတ်ကူးချိုချိုအနုပညာ

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ
မျိုးချစ်ပုဂ္ဂိုလ် ရဲရင့်ရင်ဆိုင်ခဲ့ကြသူများ၏
တော်လှန်ရေးတိုက်ပွဲဝင် ခရီးတစ်ထောက်မှ
သမိုင်းနောက်ခံ ဇာတ်လမ်းကောင်းတစ်ပုဒ်

# နတ်မောက်သူပုန်တဲ့ဟော

## ဆင်ဖြူကျွန်းအောင်သိန်း

ဒုတိယအကြိမ်



mgyoe.com

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ
မျိုးချစ်ပုဂ္ဂိုလ် ရဲရင့်ရင်ဆိုင်ခဲ့ကြသူများ၏
တော်လှန်ရေးတိုက်ပွဲဝင် ခရီးတစ်ထောက်မှ
သမိုင်းနောက်ခံ ဇာတ်လမ်းကောင်းတစ်ပုဒ်

# နတ်မောက်သူပုန်တဲ့ဟော့

## ဆင်ဖြူကျွန်းအောင်သိန်း

ပေဖူးလွှာမဂ္ဂဇင်းတွင်
လေးလတိုင်တိုင်ဖော်ပြခဲ့ပြီး
စာဖတ်ပရိသတ်များ စောင့်မျှော်ဖတ်ရှုခဲ့ရသည့်
စာရေးသူ၏ လက်ရာမွန်ဝတ္ထုတစ်ပုဒ်

spk0006

1500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၄၊ ဧပြီလ၊ ဒုတိယအကြိမ်၊ ပေဖူးလွှာမဂ္ဂဇင်းမှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၁.၈၃

နတ်မောက်သူပုန်တဲ့ပေါ့
ဆင်ဖြူကျွန်းအောင်သိန်း - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၅၄၊ မျက်နှာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ
(၁) နတ်မောက်သူပုန်တဲ့ပေါ့

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နတ်မောက်သူပုန်တဲ့ပေါ့

ဆင်ဖြူကျွန်းအောင်သိန်း

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

(၁)

ဂရိတ်ကုတ်ကြီး ဝတ်ဆင်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ တည်ကြည်ငြိမ်သက်သော ရုပ်တုကို လှမ်းမြင်ရသည့်ခဏဝယ် ဦးကျော်စွာ၏ ခြေလှမ်းများမှာ ကတ္တရာလမ်းပေါ်တွင် တုံ့ခနဲရပ်တန့်သွားတော့သည်။

ဦးကျော်စွာ့ရင်တွင် ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ အားရ ကျေနပ်ခြင်းတို့ တရှိန်ရှိန်တဖျဉ်းဖျဉ်း ထကြွလာသည်နှင့်အမျှ မျက်ရည်ကြည်ကလေးများ ဝေ့လည်လာရပေ၏။ သူသည် ဗိုလ်ချုပ်ရုပ်တုကို မမှိတ်သော မျက်စိဖြင့် ကြည့်ရင်း ကတ္တရာလမ်းပေါ်မှ ဆင်းမှန်းမသိ ဆင်းလာမိသည်။ သည်နှယ် ဆင်းလာမိသည်ကို သတိမထားမိသလို၊ အသက်ရှုမိခြင်းရှိ–မရှိကိုလည်း အမှတ်မထားမိပေ။

ကျယ်ဝန်းသည်နှင့်အမျှ သန့်ရှင်းလှပသော ပန်းခြံအလယ်တွင် ထီးထီးမားမားရပ်တည်နေသော ရုပ်တုကြီးကိုသာ အာရုံစိုက်လျက် လှုပ်ရှားလာခဲ့သော ဦးကျော်စွာမှာ ပန်းခြံတံခါးကို ဝင်တိုးမိတော့မှ ရပ်တန့်သည်။ ရပ်တန့်မိတော့မှသာ စည်းရိုးခတ်ထားပါကလား၊ တံခါး ရှိပါကလား ဟူ၍ သတိထားမိတော့သည်။

နတ်မောက်မြို့၏ နံနက်ခင်းသည် မြူမှုန်ပဝါပါးအောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေဆဲရှိသေး၏။ လမ်းဟူ၍ တူတူတန်တန် သည်တစ်လမ်းသာရှိသော မကွေး–နတ်မောက် ကားလမ်းပေါ်တွင် လမ်းလျှောက်သူအနည်းအကျဉ်းနှင့် အပြေးလေ့ကျင့်သူ လေးငါးဦးမှအပ ရှင်းလင်းတိတ်ဆိတ်နေသည်။

mgyoe.com

mgyoe.com


ဦးကျော်စွာသည် သည်ကတ္တရာလမ်းကို ကျောပေးရပ်လျက် ဗိုလ်ချုပ် ရုပ်တုတွင်သာ အာရုံကို နစ်မြှုပ်ထားသည်။

"တို့ဖခင်ဗိုလ်ချုပ်၊ လွတ်လပ်ရေး ဗိသုကာကြီးဗိုလ်ချုပ်၊ အင်း... လွတ် လပ်ရေးအတွက် ဘိလပ်ကိုသွားအရေးဆိုစဉ်က ဝတ်သွားတဲ့ ဝတ်စုံနဲ့ ဒီနေရာနဲ့ လိုက်ဖက်ပါပေတယ်၊ ညီညွတ်ပါပေတယ်"

ဗိုလ်ချုပ်ရုပ်တုကို ကြည်ညိုဖွယ်ရာ မြင်ရစဉ်က ဦးကျော်စွာ ဝမ်းသာ ကြည်နူးစွာဖြင့် ဝမ်းသာမျက်ရည်များ စို့ရုံသာစို့ခဲ့ဪ၊ ယခုသော်ကား မျက်ရည် ပေါက်ကြီးများသည် ပါးပေါ်သို့ လိမ့်ဆင်းလာကြလေပြီ။ မော့ထောင်နေခဲ့ သော ခေါင်းသည် ရင်တွင်းဆို့နစ်လာသည့်ခဏ၌ တဖြည်းဖြည်း ငိုက်ကျ လာလေသည်။

ဦးကျော်စွာ မျက်ရည်မသုတ်မိ။ ဖခင်ရုပ်တုကို ဦးညွှတ်အလေးပြုပြီး နောက် ချာခနဲလှည့်ထွက်လာခဲ့သည်။

နှစ်ပေါင်းသုံးဆယ်လုံးလုံး မေ့ပျောက်နေခဲ့သော ရင်တွင်းမှ ဝေဒနာ များသည် တရိပ်ရိပ်ပေါ်လာသည်။ တငွေ့ငွေ့ကြွလာသည်။ ဒီပင်္ကရာကျောင်း ဝင်းအတွင်း လူထုတရားပွဲတွင် တရားဟောသွားပြီး နောက်လအနည်းငယ် အကြာတွင် ဗိုလ်ချုပ် လုပ်ကြံခံခဲ့ရသည်။ သည့်နောက်ပိုင်းအဖြစ်များသည် စ–စဦးတွင် ဟုတ်မယောင်ဖြင့် နောက်ပိုင်းတွင်ကား ဖားကို ဖားမျိုး၊ ကျားကို ကျားကိုက်...

ဦးကျော်စွာ မျက်စိမှိတ်ပစ်လိုက်သည်။

"အို... မတွေးဘူး၊ မတွေးဘူး" ဟူ၍လည်း အော်လိုက်သည်။

"ဗမာ့လွတ်လပ်ရေးကို တပ်မတော်ဖွဲ့ကာ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူ့ရဲကောင်းတဲ့ ဗိုလ်အောင် ဆန်းနဲ့ အာဇာနည်တွေရယ်"

"ဟာ... စောစောစီးစီး"

တောင်ဘက်အင်းကုန်းဆီကလာသော အသံချဲ့စက်သံဖြစ်၏။ အသံ ပေါ်လာစတွင်မူ ဆူညံသောအသံအဖြစ် အမှတ်ပြုကာ ဦးကျော်စွာ ခေါင်း

mgyoe.com

mgyoe.com


ထောင်လာပြီး စိတ်ဆိုးမာန်ဆိုး ရေရွတ်မိသည်။ သို့ရာတွင် အသံတွင် စကားလုံးကွဲလာသည့်အခါတွင် သူ့ဒေါသမှာ ငြိမ်ဝပ်သွား၏။

"ဘာလုပ်တာပါလိမ့်၊ ရွာထဲကလား။ ရွာထဲကဆိုရင်လည်း ညတုန်းက ပြောကြမှာပါ။ အေးလေ ငါကလည်း ညဥ့်နက်မှ ရောက်လာတာကိုး။ ဟုတ်သေးပါဘူး"

သေသေချာချာ နားစွင့်ကြည့်သည်။ အသံသည် အင်းကုန်းရွာထဲက မဟုတ်၊ ရွာဘေး ချောင်းတိမ်ထဲကဖြစ်ဖို့များသည်။

"ဒါ ရွာထဲကမဟုတ်ဘူး၊ ချောင်းတိမ်ထဲကပဲ"

အသံလာရာ တောင်ဘက်ဆီသို့ ဦးကျော်စွာ လည်ဆန့်ကြည့်၏။ ကြည့်ကြည့်ချင်း မမြင်ရသေး။ အတော်လေးလျှောက်မိမှ အလံတလွင့်လွင့် တလူလူကို မြင်ရသည်။

"တော်တော်ကြီးမယ့် အလှူထင်တယ်။ ဒါကြောင့် ရွာထဲမှာမလုပ်ဘဲ ချောင်းထဲဆင်းလုပ်တာဖြစ်ရမယ်"

ဦးကျော်စွာသည် တွေးရင်း ဆက်လျှောက်လာသည်။ ချောင်းတိမ်ဘေးလူသွားလမ်းအတိုင်း ကပ်မြောင်လျက် ရွာဘက်သို့ လျှောက်လာရာက အခြေအနေအကဲခတ်၏။ မဏ္ဍပ်တစ်ဆောင်ကို မြင်ရသည်။ မကြီးမားလှ၊ လှုပ်လှုပ်ရွရွနှင့် လူများကိုလည်း မြင်ရသည်။ မဏ္ဍပ်ဘေးမှ မင်ပြာရောင်ဖြင့် တက်လာသော မီးခိုးသည် သမီးကညာ၏ ကေသာဖြန့်ကြဲသည့်နှယ် ယင်းချောင်းဘက်သို့ ပြန့်ကျဲလွင့်ပြယ်သွား၏။

ယင်းချောင်း၏ ဟိုဘက်ကမ်းရှိ နတ်မောက်ဘူတာရွာကို မှိုင်းယှဲ့ယှဲ့သာ မြင်ရ၏။ ချောင်းကိုဖြတ်သန်းထားသော နတ်သမီးဆွဲကြိုးသည် ပြူတစ်လာစ နေခြည်အောက်၌ ဟိုကွေ့သည်ကောက် ပြေးလာ၏။ သဲကြမ်းမှုန့်များသည် နေခြည်နှင့်ပနံသင့်ကာ ယင်းချောင်းတစ်ပြင်လုံးကို စိန်မှုန်ကြဲထားပေသည်။

ရွာဘက်မှ လူတစ်ယောက်လာနေသည်။ ထိုသူ့ထံတွင် စုံစမ်းရန် ဦးကျော်စွာ သုတ်သုတ်လျှောက်လာ၏။ ထိုသူမှာ အင်္ကျီပြာနှင့် ချည်လုံချည်

mgyoe.com

mgyoe.com


ကွက်တုံးဖြင့်ဖြစ်၏။ သည်မျှဖြင့်ကား ဦးကျော်စွာ စိတ်မဝင်စား။ ထိုသူ၏ အင်္ကျီလက်မောင်းမှ တံဆိပ်များကို ထင်ထင်ရှားရှား မြင်ရလေလေ ဦးကျော်စွာ စိတ်ဝင်စားလေလေဖြစ်ရ၏။

"ဟိုဘက်က အလံထူထားတဲ့ မဏ္ဍပ်က.."

ဦးကျော်စွာ၏ စကားမဆုံးသေးမီ အမေးခံရသူက တဟားဟားရယ်၏။ ဦးကျော်စွာမှာ ထိုသူ၏မျက်နှာကို အထိတ်တလန့်ကြည့်မိ၏။ အဘယ်ကြောင့် ရယ်ပါလိမ့်။

"ရန်ကုန်သားကြီးက အခုတော့ ကျုပ်ကိုမမှတ်မိတော့ဘူးပေါ့လေ ဟဲဟဲ"

နှုတ်ဆက်သူက ရင်းနှီးစွာ နှုတ်ဆက်ပြောဆိုသော်ငြား ဦးကျော်စွာ မမှတ်မိ။ ရယ်ကျဲကျဲသာ လုပ်နေရ၏။ စေ့စေ့ကြည့်ပါ၏။ ဝါးတားတားပင် မထင်လာ။

"ခင်ဖျားတို့အိမ်ခြေရင်းက ဒေါ်ဘုမသား ငကြွက်လေဗျာ'

သည်အခါကျတော့မှ အင်္ကျီမရှိသော မည်းမှောင်ပြောင်ချောနေသော ရင်ဘတ်ပေါ်သို့ သွားရည်တရွှဲရွှဲကျနေသော ငကြွက်၊ ယင်တဟိန်းဟိန်းနားနေသော အနာကို ဖုန်မှုန့်တွေဖြူးနေသော ငကြွက်၏ယောင်ရုပ်သည် ပေါ်ပေါက်လာခဲ့ကာ ပခုံးကို ဆုပ်ညှစ်လိုက်ရ၏။

"ဒါလောက်အကြာကြီးကွဲနေမှတော့ ဘယ်မှာ ရုတ်တရက်မှတ်မိပါတော့မလဲကွာ။ စိတ်မရှိနဲ့ကွာ... နော်"

"ဘယ်က စိတ်ရှိရမှာလဲဗျာ။ ကျုပ်တို့ဖြင့် ခင်ဗျားရောက်လာတယ်ကြားလို့ ဝမ်းသာနေကြတာဗျား။ ခုနကတောင် ခင်ဗျားတို့အိမ် ခဏဝင်ခဲ့တော့ မြို့ဘက်ခဏသွားတယ် ခင်ဗျားအမေက ပြောလိုက်လို့၊ ကျုပ်တို့ ချောင်းထဲလည်း လွှတ်လိုက်ပါဦး မှာခဲ့သေးတယ်"

ရှပ်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးဆွဲထုတ်နေဆဲ ဦးကျော်စွာ၏ လက်သည် ရပ်တန့်သွားသလို၊ မျက်လုံးများလည်း ဝင်းပလာကာ "ချောင်းထဲ ဟုတ်လား" အလောတကြီးမေးပြီးမှ ဆက်လက်မေး၏။

mgyoe.com

mgyoe.com

"ဟို တဂေါ်ဂေါ်အော်နေတဲ့ မဏ္ဍပ်အကြောင်းမေးမလို့ စိတ်ကူးနေတာကွ။ ကဲ... ပြောစမ်းပါဦး။ ငါ့ကို ဘာပြုလို့ ချောင်းထဲဖိတ်တာတုန်း၊ ငါးဖမ်း ဖို့လား"

မေးအပြီးတွင် စီးကရက်ဘူးမည်းမည်းပြားပြားကြီးကို ဖွင့်လျက် ဦးကြွက်ရှေ့သို့ ကမ်းပေး၏။

"ခင်ဗျာ့ စီးကရက်သောက်ရတာ အားမရပါဘူးဗျာ။ ကျုပ်မှာ ပါပါတယ်"

ဦးကြွက်က မီးတရဲရဲနှင့် ပြောင်းဖူးဖက်ဆေးလိပ်ကို မြှောက်ပြမှ စီးကရက်တစ်လိပ်ကို မီးညှိပြီး "ပြောစမ်းပါဦးကွ" ဟု ဦးကျော်စွာ ထပ်မေး၏။ "အဲဟို အလံလွှင့်ထားတဲ့မဏ္ဍပ်အကြောင်းမပြောခင် ပထမဆုံး ခင်ဗျာ့ ဘေးနားကို လှမ်းကြည့်လိုက်စမ်းပါဦး" ဦးကြွက်သည် ပြောပြောဆိုဆိုဖြင့် ဦးကျော်စွာ့ ကျောဘက်ရှိ ချောင်းတိမ်စပ်ကို လက်ညှိုးထိုးပြသဖြင့် ယောင်တိယောင်နလှည့်ကြည့်မိသော ဦးကျော်စွာမှာ'ဟ'ကနဲ အော်မိ၏။ ကျောဘက်သို့ လှည့်ကာ ရပ်မိပြီးသားဖြစ်လျက် ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

စမ်းရှိသောနေရာတွင် ဆောင်းကာလကျမှ ကြက်သွန်စိုက်၍ ချောင်းတိမ်တွင်မူ ယာယောင်ယောင်၊ ကိုင်းယောင်ယောင်သာ လုပ်နိုင်ခဲ့ခြင်းမှအပ အသုံးမဝင်ခဲ့သော ယင်းချောင်းထဲတွင် စပါးလယ်ကွက်များကို အနီးကပ် တွေ့မြင်ရသောကြောင့် ဦးကျော်စွာ တအံ့တဩဖြစ်ရလေပြီ၊ ရေပြည့်လျှောင်ထားသော လယ်ကွက်များထဲမှ စိမ်းမှောင်သောကောက်ပင်များသည် ဦးကျော်စွာအား ရင်ကော့ပြသကဲ့သို့ ရှိနေ၏။ "နှစ်ပေါင်းသုံးဆယ်ရဲ့ ဟိုဘက်က မျက်စိနဲ့ကြည့်ရင် မျက်လုံးပြူးသွားမယ်နော်" ဟူ၍ သရော်နေသလိုလိုလည်း ရှိ၏။

ဦးကြွက်က ဟဲခနဲတစ်ချက်ရယ်လိုက်ပြီး "အဲဒါဟာ အင်းကုန်းကျေးရွာ၊ ရွှေဝါမြေရှေ့ပြေးသမဝါယမအသင်းရဲ့ အောင်သီးအောင်နှံတွေပဲဗျ" ပြောသည်။

"ဘယ်လောက်များလဲကွ ... ဟေ"

mgyoe.com

mgyoe.com


"ဒီနှစ်တော့ စပါးဧက ၅၀၊ နှမ်းဧက ၂၀၊ ခရမ်းချဉ်နှစ်ဧက၊ ငရုတ်တစ်ဧကနဲ့ ခရမ်းသီးတစ်ဧက လုပ်မယ်လျာထားသဗျ"

"အမယ် မနည်းပါကလားဟ။ ဘာတွေလဲ၊ ရာကျော်တွေလား"

ဦးကြွက်ပြုံးလိုက်သည်။

"ငွေတိုး ၁၅ ဧက၊ မနော်ဟရီ ၁၅ ဧက၊ ရွှေဝါထွန်း ၁၄ ဧကနဲ့ ရွှေဝါလေး တစ်ဧက စိုက်ပြီးသွားပြီလေ။ အခု တဂွိဂွိတဂေါ်ဂေါ်ကြားနေတာက နောက်ဆုံးကျန်တာလေးတွေ ပြိုင်ပွဲလုပ်ပြီး ပိတ်မလို့ဗျ။ အသင်းဝင် ကျေးရွာအုပ်စုက ကောက်စိုက်သမတွေပြိုင်မှာပေါ့ဗျာ"

ဦးကျော်စွာသည် ခေါင်းတညိတ်ညိတ်ဖြစ်လျက် အနီးရှိ လယ်ကွက်များကို ကြည့်မဝသောအကြည့်ဖြင့် ကြည့်ရာက ဦးကြွက်၏ရှပ်အင်္ကျီမှ ကြည်ပြာရောင်အောက်ခံ စက်ဝိုင်းဖြူအတွင်းမှ ဆည်တာဘောင်ကဲ့သို့သောပုံနှင့် ပေါက်ချွန်ဂေါ်ပြားပုံပါရှိကာ အပေါ်တွင် 'ဆည်လုပ်အားပေး' စာကြောင်း။ အောက်ဘက်တွင် 'နတ်မောက်မြို့နယ်' ပါရှိသော တံဆိပ်ကို စိုက်ကြည့်မိ၏။ သည်ဦးကြွက်ကို ဦးကြွက်ဟု မသိမီကပင် သည်တံဆိပ်ကို ဦးကျော်စွာ စိတ်ဝင်စားခဲ့သည်မဟုတ်လား။

"မင်းကအခု၊ အဲအဲ... ဒါက ဘယ်တပ်ကတံဆိပ်လဲကွ။ ဘာတပ်လဲ။ မင်းက အဲဒီမှာလုပ်သလား"

"မဟုတ်ပါဘူးဗျာ" ဦးကြွက်သည် သူ့ပခုံးကို သူငုံ့ကြည့်ရာက ကျောဘက်သို့ လက်ညှိုးထိုးပြရင်း "ဟိုဘက်မှာဗျာ၊ ရေယိုဘက်ကဆည်ကို ဆည်ဖို့ကြတုန်းက တံဆိပ်ပါဗျာ။ ကန်တော်ဆည်" ဟု ဖြေသည်။

"ဆည်ဟုတ်လား။ မိုးမှ မရွာတာ၊ ဆည်လုပ်တော့ဘာလုပ်မှာလဲ"

"ရွာတဲ့အခါလည်း ရှိပါသေးတယ်ဗျာ။ အဲဒီအခါမှာ ရေတွေ အလဟဿမဖြစ်အောင် စုစည်းသိုလှောင်ပြီး အသုံးချရတာပေါ့ဗျာ။ ခင်ဗျားကသာ ရန်ကုန်မှာနေလို့ ဘာမှမသိတာဗျ။ ကျုပ်တို့မြို့နယ်မှာ ဆယ်နှစ်အတွင်း စပါးထွက်ဖူလုံရေးဆိုတဲ့ စီမံချက်နဲ့ ဆည်တွေတည်တာ နှစ်ဆယ်တောင်ရှိသွားပြီဗျ။ လာပါဗျာ၊ ကျုပ်တို့ကောက်စိုက်ပြိုင်ပွဲလည်း လိုက်ခဲ့ပါဦး။ ဟိုကျမှ

mgyoe.com

mgyoe.com


ရေနွေးသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့"

ဦးကြွက်က ရှေ့ဆောင်ကာရွာဘေးအတိုင်း ကပ်မြောင်ကာ လျှောက်ခဲ့ပြီးနောက် ချောင်းတိမ်ထဲသို့ ထိုးဆင်းလာကြသည်။ သူတို့လျှောက်လာသည့်လမ်းတစ်လျှောက်တွင် လယ်ကွက်များစီရီနေ၏။ လယ်ကွက်များ၏ ဟိုဘက်ဘေးတွင် ကြည်လင်သော ချောင်းရေများ တသွင်သွင်စီးဝင်နေသည့် 'လက်လွှဲမြောင်း' ကြီးသည် တမျှော်တခေါ်ကြီး ရှည်လျားပါဘိ။

"ဟ–မနည်းပါလားကွ"

ဟိုခုန်သည်ကျော် လိုက်ပါလာရင်း ဦးကျော်စွာကပြောသည်။

"ကျုပ်တို့ ခုနကရပ်ပြီး စကားပြောနေခဲ့တဲ့နေရာက မန်ကျည်းပင် ကုန်းမြောက်ကွင်းလေဗျာ၊ အခုနေရာက ပေါက်ပင်အိုင်ကွင်း။ ဟိုမဏ္ဍပ်ထိုးထားတဲ့နေရာက အင်းကုန်းအရှေ့ကွင်းတဲ့။ အဲဒီလို မြေကိုခွဲထားသလို တာဝန်ကိုလည်း အဖွဲ့သုံးဖွဲ့ခွဲပြီးပေးထားတယ်"

ကောက်စိုက်ပြိုင်ပွဲ ကျင်းပမည့်လယ်ကွက်မှာ ရှေးစနစ်အရ သုံးယောက်စိုက်၊ အတန်းလိုက်စိုက်စနစ်အရ ခြောက်ယောက်စိုက်စာခန့် ကျယ်ဝန်းပေလိမ့်မည်။ တာလွှတ်မည့်နေရာများကို အလံကလေးများ စိုက်သူကစိုက်၊ ငါးပင်ကျော်ကြိုးတန်း – တန်းစိုက်ခြင်းဖြင့် အသင့်ပြင်သူကပြင်၊ ချက်ပြုတ်ကြော်လှော်သူကကြော်နှင့် အလုပ်လုပ်တစ်ခုနှယ် စည်ကားနေပေသည်။

မဏ္ဍပ်အရှေ့ဘက်မှ လက်လွှဲမြောင်းသည် ရေကြည်ရေအေးများ တသွင်သွင်စီးလျက် ပြေးလွှားနေ၏။ ဦးကျော်စွာအဖို့မူ အရာရာသည် အသစ်အဆန်းဖြစ်နေ၏။ ဦးကြွက်သည် ဦးကျော်စွာအား လူကြီးအချို့နှင့် မိတ်ဆက်ပေးပြီးနောက် ဦးကျော်စွာဘေးတွင် ဝင်ရောက်ထိုင်လိုက်ရာက အမယ်အိုတစ်ယောက်အား လက်ညှိုးညွှန်ပြ၏။

"ကျုပ်တို့ကျေးရွာအုပ်စုမှာတော့ ထိပ်တန်းကောက်စိုက်သမကြီးပေါ့ဗျာ ပြိုင်ပွဲတိုင်း ပထမပဲ"

"ဟိုမိန်းကလေးတွေကကောကွာ"

ကြည်ပြာရောင်ထဘီ၊ အင်္ကျီဖြူလက်စကဆင်တူနှင့် မိန်းမလှကလေး

mgyoe.com

mgyoe.com


တချို့ ရွှံ့ထဲတွင် တစွက်စွက်နင်းကာ ပျိုးစည်းများရွှေ့ပြောင်း သယ်ပို့နေရာ သို့ မေးငေါ့ပြကာ ဦးကျော်စွာမေးမိ၏။

"ကျောင်းဆရာမကလေးတွေလေ။ ကျုပ်တို့ အင်းကုန်းကျေးရွာအုပ်စု က"

"ဟုတ်လား"

ကျောင်းဆရာမဟူသည် မြေဖြူမှုန့်ပေရေသည်ကို မမှုငြား၊ ရွှံ့ကိုကား သေမတတ်ကြောက်လိမ့်မည် ယုံကြည်နေဆဲဖြစ်သော ဦးကျော်စွာမှာ ထပ်မံ အံ့သြရပြန်၏။

"ကျုပ်တို့မြို့နယ်မှာ ဆယ်နှစ်အတွင်း ရိက္ခာဖူလုံစေရမယ်။ ရိက္ခာ အတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ရေသာရှိမယ်၊ မြေသာရှိမယ်ဆိုရင် သစ်ပင်ပေါ်လည်းတက်စိုက်မှာပဲ။ တောင် ပေါ်လည်း တက်စိုက်မှာပဲဗျ။ အဲဒါကြောင့်လည်း ကျုပ်တို့ရဲ့ ရဲဘော်ကြီး ဗိုလ်ရာပြတ်တောင် 'စခန်းသာ' သမဝါယမဆိုပြီး ၁၀၅ ဧကရှိတဲ့ ရေ့ပြေးသမ ဝါယမယာကြီးတစ်ခုကို ဦးစီးလုပ်နေပြီလေ။ ခင်ဗျား သတင်းစာထဲ တွေ့မှာ ပေါ့"

"ဟင် ... ဗိုလ်ရာပြတ် ယာလုပ်နေတယ်ဟုတ်လား"

သည်တစ်ခါ အံ့သြရခြင်းကား ဦးကျော်စွာ တင်ပျဉ်ခွေပျက်ရသည် အထိဖြစ်တော့သည်။ တစ်ပြိုင်တည်းပင် ထောင်ထောင်မောင်းမောင်း ထွားထွား ကျိုင်းကျိုင်းနှင့် ရိုးသားသည့်အသွင်ပေါ်သည်နှင့်အမျှ လုပ်မိလျှင် နောက် မဆုတ်တတ်သော ရဲဘော်ရာပြတ်၏ ရုပ်သွင်သည် ဦးကျော်စွာ၏ အာရုံ၌ ပေါ်လာ၏။

"ဒါဖြင့် သူ့ရဲဘော်ကြီး ဗိုလ်မိုးကြိုး၊ အဲ ဗိုလ်စံတင်ကော"

"ရွာမွန် ဦးစံတင်လာဗျ"

ပိန်ပိန်ပါးပါးနှင့် ငြိမ်သက်အေးချမ်းလှသော ဗိုလ်စံတင်၏ရုပ်ကို အာရုံ ထဲတွင် ဖမ်းယူနေရသဖြင့် ဦးကျော်စွာ ခေါင်းညိတ်ရုံသာညိတ်နိုင်၏။

"ယာသမားပဲဗျာ ရွာမွန်မှာယာလုပ်နေတာပေါ့။ တစ်ခါတစ်ခါလည်း

mgyoe.com

mgyoe.com


နတ်မောက်ကို လှည်းနဲ့ရောက်လာတာမြင်ရပါတယ်"

"သြော်... သြော်.... နေပါဦး၊ ဗိုလ်ဘဆိုင်တို့၊ ဗိုလ်ချစ်မောင် တို့ကော"

"ဗိုလ်ချစ်မောင်က ကျောင်းဆရာဘဝက ပင်စင်ယူလိုက်ပြီး သမဝါယမ ဆေးခန်းမှာဥက္ကဋ္ဌလေ။ ဗိုလ်ဘဆိုင်ကတော့ မြေးကလေးတစ်ယောက်နဲ့ ဆင်း ဆင်းရဲရဲနေရတယ်။ မြို့ပေါ်မှာပါပဲ"

'အင်း' ရှည်ကြီးဆွဲကာ ညည်းတွားရင်း အတန်ကြာ ငေးမောနေပြီးမှ ဦးကျော်စွာ ခပ်အုပ်အုပ်ကလေးပြောသည်။

"နိုင်ငံအတွက် လက်နက်ကိုင်ဖို့လိုတဲ့ အချိန်တုန်းက လက်နက်ကိုင်ခဲ့ ကြသလို နိုင်ငံအတွက် ထွန်နဲ့ တံစဉ်ကိုင်ဖို့လိုလာပြန်ပြီဆိုတော့လည်း အင်း... နေပါဦးကွ၊ သူ့စခန်းသာက ဘယ်မှာလဲကွ"

သူ့စကားတွေ ထွေးယှက်သွားသဖြင့် ဦးကြွက် နားမရှင်းလိုက်ပါ။

"ဗျာ"

"ဗိုလ်ရာပြတ်ကို မေးတာပါကွာ။ သူ့စခန်းသာဆိုတာက ဘယ်နားမှာ လဲလို့"

'လေးအိမ်ဘူတာ နားမှာပါ။ သိပ်မဝေးပါဘူး"

အတိတ်ရေးကြောင်းတို့သည် ဦးကျော်စွာရှေ့သို့ ရုတ်ခြည်း ရောက် လာကြသည်။ စစ်ပြန်ရဲဘော်များ ဖရိုဖရဲပြိုကွဲမသွားစေရန် ပြည်သူ့ရဲဘော် တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ စစ်ရေးမပြရ၊ ယူနီဖောင်းမဝတ်ရဆိုသော နယ်ချဲ့သမား အစိုးရ၏အမိန့်ကို ပြည်သူ့ရဲဘော်များ ဖီဆန်ခဲ့ခြင်း၊ စစ်အတွင်း တပ်မတော် သုံးရပ်တွင် သက်စွန့်ဆံဖျားပါဝင်အမှုထမ်းခဲ့သော ရဲဘော်များအား နယ်ချဲ့ သမားက ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ပုလိပ်သပိတ်၊ အမှုထမ်း ပေါင်းစုံသပိတ်ကြီး၊ ဘုရင်ခံဆာဒေါမန်စမစ် ဝမ်းကိုက်ပြီး ထွက်ပြေးရခြင်း၊ ဆာဟူးဘတ်ရန့်စ်၏ ကမ်းလှမ်းချက်ကို ဖဆပလက လက်ခံ၍ ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ တစ်နှစ်အတွင်း လွတ်လပ်ရေးရရပါစေ့မယ်ဆိုတဲ့ အာမခံချက်မရရင် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပြီး ရာထူးကထွက်မယ်ဟု ဗိုလ်ချုပ်အောင်ဆန်း ကြေညာခြင်း၊

mgyoe.com

"ခင်ဗျား မဝါနုလည်း ဒီရွာမှာရောက်နေတယ်ဗျ"

အသင့်ပြင်ထားကြ၊ လုံးဝလွတ်လပ်ရေးမရရင် ချမယ်။ ဗိုလ်ချုပ်ခေါင်းဆောင်သောအဖွဲ့ ဘိလပ်သွားခြင်း။

"တိုင်းပြည် လွတ်လပ်ရေးရမှ မင်္ဂလာဆောင်ဖို့အရေး စဉ်းစားကြစို့ဆိုတဲ့ ခင်ဗျား မဝါနုလေ"

"ဟေ.. ဘာကွ၊ မဝါနု ဟုတ်လား"

အိပ်ပျော်နေစဉ်တွင် ခုတင်ပေါ်မှ လိမ့်ကျသူအလား ယခုမှ ဦးကျော်စွာ မေးလိုက်နိုင်သည်။ ဦးကြွက် ရယ်မောလိုက်၏။

"ဟောဗျာ ကျုပ်က ခင်ဗျားကြားတယ် ထင်နေတာဗျ"

ဦးကျော်စွာလည်း ရောယောင်ပြုံးလိုက်ကာ "ကြားတော့ ကြားတယ်ကွ။ စိတ်က တခြားကိုရောက်နေတော့ အဓိပ္ပာယ် မသဲကွဲဘူး။ မိမိရရ မဆုပ်ကိုင်လိုက်နိုင်ဘူးပေါ့" ဟု ညင်သာစွာပြောဆိုလိုက်မိသည်။

"မင်းပြောတဲ့အထဲမှာ မဝါနုဆိုတဲ့ နာမည်ပါသလား"

"အစစ်ပေါ့ဗျာ၊ ပါတာပေါ့"

"အခု သူ ဒီရွာမှာ ရောက်နေတယ် ဟုတ်လား"

"ဟုတ်ပါ့ဗျာ။ အဖော်မမိုး အပျိုကြီးတစ်ကိုယ်တည်းပါပဲ။ ဒါပေမဲ့ သူများကမွေးတဲ့ တူသံယောဇဉ်၊ မြေးသံယောဇဉ်တွေကတော့အများကြီးပေါ့ဗျာ"

ဒေါ်ဝါနုအမည်ကို ကြားရစက ဦးကျော်စွာ ရှင်လန်းသည်။ မျက်နှာနုပျိုလျက်တက်ကြွသည်။ သို့ဖြစ်ငြား ယခုထက်တိုင် အပျိုကြီးဘဝဖြင့်ပင်ရှိသေးကြောင်း သိရသည့်အခါတွင်ကား ဦးကျော်စွာ့မျက်နှာသည် ညှိုးနွမ်းလာရသည်။ ရင်ထဲတွင်မူ အပြစ်တစ်ခုကျူးလွန်မိသူ၏ ခံစားမှုမျိုးဖြင့် ဝမ်းနည်းဆို့နင့်လာခဲ့ပေတော့၏။

* * *

နေခြည်သည် သာယာအေးရွာပေါ်မှ လျင်မြန်စွာ ဆုတ်ခွာသွားလေပြီ။ နွားကျောင်းသားက ခဲဖြင့်ပေါက် တုတ်ဖြင့်ပစ်သောကြောင့်သာ စားကျက်ကို

mgyoe.com

mgyoe.com

ကျောခိုင်းလာခဲ့ရသော်လည်း ဝမ်းမှာမူ ဟောက်ပက်လျက်သာ ရှိသေးသော နွားများသည် ဖုန်တလုံးလုံးဖြင့် တစ်သုတ်ပြီးတစ်သုတ် ရွာထဲသို့ ဝင်လာကြသည်။

ပင်ပန်းနွမ်းနယ်လာသော နွားကျောင်းသားသည် အားတင်းကာ ပလွေမှုတ်လျက်လိုက်လာခဲ့ရငြား ပလွေသံသည် ငိုညည်းနေသည် ထင်ရ၏။ သည်အထဲတွင် ဖြောင့်ဖြောင့်မသွားသောနွားတို့အား ဆဲဆိုသော နွားကျောင်းသားတစ်ယောက်တလေ၏အသံများ ပေါ်လာသောအခါတွင်ကား ဆဲရေးတိုင်းထွာသံနှင့် ပလွေသံသည် လိုက်ဖက်သွားပေတော့သည်။

ဟိုဝေးစွာသောအရပ်မှ နောက်လည်းနောက်ကျိ၊ သန့်ရှင်းခြင်းလည်း မရှိသောရေကို နေကုန်နေခန်း စောင့်ခပ်ယူပြီးပြန်လာသော ရေစည်လှည်းများသည် နွားအုပ် ဖုန်လုံးမစဲမီမှာပင် ပူလောင်သော ဝင်ရိုးသံ တအီအီကို နာကျင်စွာအော်မြည်လျက် ရွာတံခါးမှ ဝင်လာကြ၏။ သည်နှယ် အမှောင်ကြီးပျိုးခါမှ ထင်းစည်းကို ခေါင်းပေါ်ရွက်ကာ ဟင်းရွက်စည်းကို လက်မှဆွဲကာ ထဘီဖိုသီဖတ်သီဖြင့် ရှေ့ရှည် နောက်တို၊ ဘယ်တိုညာရှည်ဝတ်လျက် မိန်းမတစ်သိုက်လည်း စာစာ... စာစာ ပြောလျက် ဖုန်လုံးနောက်မှ လိုက်လာကာ ဖုန်လုံးထဲတွင် ဝင်ရောက်ပျောက်ကွယ်သွားကြပြန်သည်။

အများတကာ ဖုတ်ပူမီးတိုက် လူပ်ရှားပြေးလွှားနေစဉ် မည်သည့်အပူအပင်မျှမရှိဘဲ သုရာကညာ၏ချော့ဖြားမှုတွင်မိန်းမူလျက် ရွာအဝင် ကင်းတဲပေါ်တွင် စန့်စန့်ကြီးလဲနေသူတစ်ယောက်လည်း ရှိပေသေးသည်။ သူ့အတွက် ရေမရှိလည်း မပူ၊ ထင်းမရှိလည်း အရေးမဟုတ်၊ နွားတွေ အစာမဝလည်း မမှု။ ထန်းရည်မှန်မှန်သောက်ရရေးသာ အရေးကြီးသည်။

သူကား ယောင်ခြောက်ဆယ်သမား ဗလပေတည်း။

တိုက်ခတ်တွန်းဇော့မှုအဟုန်ကုန်သောကြောင့် ပြန်ဆင်းလာသော ဖုန်မှုန့်များသည် ဗလ၏ မည်းမှောင်နက်ကျောသော ကျောပြင်ကြီးပေါ်သို့ တဖွဲဖွဲကျဆင်းလာနေ၏။

ဟိုအဝေးမှ မြင်းခွာသံကြားရသည်။

mgyoe.com

mgyoe.com


ဗလသည် လူးလဲထရန် လွန့်လိုက်ပြီးမှ မြင်းခွာသံကို ငြိမ်ပြီး နားထောင်နေလိုက်သည်။ မြင်းခွာသံသည် အရေးတကြီး ဒုန်းစိုင်းလာသံ ဖြစ်၏။ ခဏအတွင်းမှာပင် မြင်းတစ်စီးသည် ခွာသံပြင်းပြင်းဖြင့် တံခါးမှ ဝင်ရောက်သွားသည်။ ဗလ လူးလဲထကာ ကြည့်ပါသေး၏။ အရှိန်မသေသေးသော ဖုန်ခိုးများ ရိုဝေစပြုလာသော နှင်းများနှင့် မီးခိုးများကြောင့် သဲကွဲစွာ မမြင်လိုက်ရတော့။ ဂျပန်ဦးထုပ်နှင့်တူသော ဦးထုပ်ဆောင်းထားဟန်တူသော လူတစ်ယောက်ဟူ၍သာ သိမှတ်လိုက်နိုင်၏။

ဗလ ထထိုင်လိုက်သည်။ အုတ်အုတ်ကျက်ကျက်အသံများ ထွက်ပျံလျက် တင်းတိမ်အမည်းကြီးတွင် ရွှေခြည်ပွင့်ကြီးများထိုးထားသကဲ့သို့ ကောင်းစွာမလင်းသော မီးရောင်များ ပြောက်တိပြောက်ကျား လက်လာစပြုသော အမှောင်အောက်ကရွာကို လှမ်းမျှော်ကြည့်၏။

'ဒီကောင်ဟာ ဘာကောင်လဲ၊ ဘယ်သူ့အိမ်သွားတာလဲ'

ဗလ စဉ်းစားသည်။

သည်မသင်္ကာစရာအချက်ကို တစ်စုံတစ်ရာ မည်မည်ရရပြောပြနိုင်လျှင် သူကြီးအိမ်သို့ သွားစရာခိုင်လုံသော အချက်ကိုရမည်။ ထိုအခါ သူကြီးသမီး မဝါနုကလေး၏ ရွှေမျက်နှာ နုနုထွေးထွေးကို ဖူးမြင်ခွင့်သာပေမည်။

ထို့ကြောင့် ကင်းတဲပေါ်မှလျှောချကာ ပုဆိုးပြင်ဝတ်လိုက်စဉ် မြင်းခွာသံများကို ခပ်အုပ်အုပ်ကြားရ၏။ ဖုန်ထဲတွင်ဖြစ်သောကြောင့် ခွာသံမကျယ်လောင်ခြင်းဖြစ်သည်။ သည်မကျယ်လောင်သောအသံပင်လျှင် တဖြည်းဖြည်းနီးကပ်ကျယ်လောင်လာသည်။

မြင်းသည် တစ်စီးတည်းမဟုတ်တော့။ နှစ်စီးဖြစ်နေပြီ။ မြင်းနှစ်စီးဘေးချင်းယှဉ်လျက်ထွက်လာကြသည်။

"ဗိုလ်ချုပ်တို့ ဘိလပ်ရောက်သွားကြပြီတဲ့၊ တို့ရဲဘော်တွေဘက်က..."

"ဝမ်းသာလိုက်တာကွာ၊ စိတ်ချ အခုပဲ သွားလိုက်မယ်"

ပထမပြောသူကို ကင်းတဲဘေးတွင် မှောင်ရိပ်ခိုကပ်နေသော ဗလ မသိရှိသာမက သူ့စကားကိုလည်း အပြည့်အစုံနားမလည်လိုက်ပေ။ သို့သော်နောက်

mgyoe.com

mgyoe.com


လူကိုကား ဗလကောင်းကောင်းသိသဖြင့် ဝမ်းသာရ၏။ နောက်လူမှာ ရွာလယ်ပိုင်းမှ ကျော်စွာ၊ ကျော်စွာပြောသည့်စကားကိုလည်း ဗလနားလည်လိုက်သည်။ သို့ရာတွင် မည်သည့်ကိစ္စအတွက် မည်သည့်နေရာသို့ ကျော်စွာ သွားမည်နည်း။

မြင်းနှစ်စီးသည် တံခါးမှထွက်မိလျှင်ထွက်မိချင်း မှောင်ထဲသို့ ခွာသံတဖြောင်းဖြောင်းပေးလျက် ဒုန်းစိုင်းစီးနှင်သွားကြလေပြီ။

ဗလသည် ရွာထဲသို့ တိတ်ဆိတ်စွာ ဝင်လာ၏။

ရွာလမ်းသည် ရှင်းလင်းနေ၏။ တိတ်ဆိတ်နေ၏။ သို့တစေ ဝဲယာအိမ်များနှင့် အိမ်ဝိုင်းများထဲတွင်မူ တီးတိုးပြောသံများကို ကြားရ၏။ စွာလောင်စွာလောင်ပြောနေသံများကိုလည်း ကြားရ၏။ နွားဖြူကလေးတစ်ကောင်သည် မြူးထူးစွာပြေးထွက်လာကာ ဗလကိုဝင်တိုက်မိမလို ဖြစ်ပြီးမှ ဝိုင်းထဲပြန်ဝင်ပြေး၏။

မည်းနက်သော တံစက်မြိတ်များအောက်တွင် လိမ္မော်ရောင် ရေနံဆီမီးခွက်မီးရောင်ကလေးများကို လှမ်းမြင်ရသည်။ များသောအားဖြင့် မီးခွက်ကိုဝိုင်းထိုင်နေကြသည်ကများရာ ယခုမှ အပြေးအလွှား ထမင်းချက်ပြီး အလောတကြီး စားနေကြခြင်းဖြစ်ပေသည်။

ရွာလယ်ပိုင်း ကျော်စွာတို့အိမ်ကို လွန်လာချိန်တွင်မူ မမြင်မစမ်း မီးရောင်အောက်၌ ကလေးတစ်သိုက်ကစားနေကြသည်။ သူတို့၏ အော်ဟစ်သံ၊ ငြင်းခုံသံ၊ ရယ်မောသံများကို အဝေးကြီးမှ ကြားရ၏။

သူကြီးအိမ်မှာ ဝင်းတံခါးပိတ်ထား၏။ ဗလမှ မကြာခဏဝင်ထွက်နေကျဖြစ်သောကြောင့် ဘယ်ဘက်တံခါးရွက်ကို တံခါးတိုက်ငုတ်ပေါ်တွင် အသေတင်ထားပုံကိုလည်းကောင်း၊ ညာဘက်တံခါးရွက်မှာ အသာကလေးတွန်းကာမျှဖြင့် ပွင့်သွားပုံကိုလည်းကောင်း၊ တံခါးရွက်ကိုမည်မျှပင် ညင်သာစွာ ဖွင့်စေကာမူ တံခါးရွက်တွင် တပ်ဆင်ထားသော ကြေးအမြောက်ဆန်ခလောက်ကြီးမှာ ဟောင်ဖွာဟောင်ဖွာ စကားပြောတတ်သူကဲ့သို့ မြည်ဟိန်းတတ်ပုံကိုလည်းကောင်း၊ ကောင်းစွာသိနေသည့်အတွက် တစ်ကိုယ်စာ ဝင်သာ

mgyoe.com

mgyoe.com


ရုံကလေးတွန်းဟလျက် ဝိုင်းထဲဝင်လိုက်၏။

အမြောက်ခွံတွင် ခလောက်ဆန်ထည့်ထားသော ကြေးခလောက် မြည်သံနှင့် ရန်လုံ၊ နက်ကျော်တို့၏ ထိုးဟောင်းသံမှာ ပြိုင်တူလိုလို ဖြစ်သွားလေ၏။

“ဟော့ကောင် ရန်လုံ၊ ဟော့ နက်ကျော် ငါပါကွ”

ဗလသည် လက်ဖျစ်သံ တဖြောက်ဖြောက်တီးရင်း အသံပေးလိုက်၏။ သူ့ယာဘက်တွင် စောင်ရန်းတိုင်များထောင်ထားသော မန်ကျည်းပင်အောက်၌ မီးဖိုရှိကာ မီးဖိုဘေးတွင် တစ်စုံတစ်ယောက်ရှိနေ၏။ ထိုတစ်စုံတစ်ယောက်မှာ သူကြီး၏ လူယုံတော် ငယ်ကျွန်ကြီးကိုတော ဖြစ်ဖို့များ၏။

“ကိုတော သူကြီးရှိလားဗျ”

အိမ်ဆီသို့ မျှော်ကြည့်ရင်း မီးဖိုနားကပ်လာကာ မေးသည်။

အိမ်အပေါ်ထပ်တွင်မူ မီးရောင်ယဲ့ယဲ့သာမြင်ရ၍ လူသူလှုပ်ရှားမှုမရှိချေ။ ပကတိငြိမ်သက်နေ၏။ အိမ်အောက်တွင်မူ လသာမှန်အိမ်တစ်လုံး၏ မလင်းတလင်းအရောင်သည် မည်းမှောင်ငြိမ်သက်သော အိမ်အောက်ထပ်မြေပြင်ကို အလင်းမျဉ်းကြောင်းနှစ်ကြောင်း ဆွဲချထား၏။

“ဘာကိစ္စရှိလို့လဲ”

ကိုတော၏အသံဖြစ်သည်။ ဗလက ကိုတောဘေးတွင် ဝင်ထိုင်လိုက်ကာ မီးတောက်မရှိသော မီးဖိုပေါ်တွင် လက်ဝါးနှစ်ဖက်ဖြန့် မိုးထားလိုက်သည်။

“ပြောစရာနည်းနည်းရှိလို့ပါဗျာ”

“ရှိတယ်၊ ခုနကပဲ ဆင်းလာတာမြင်လိုက်တယ်”

ဗလသည် ကိုတောအား နှုတ်ဆက်ခဲ့ပြီး အိမ်ဘက်သို့ လျှောက်လာသည်။ ခွေးနှစ်ကောင် ထိုးဟောင်သေးသဖြင့် ဗလ ထပ်မံအသံပေးရင်း အိမ်အောက်သို့ ဝင်လာသည်။

အိမ်အောက် ဝင်မိလျှင် ဝင်မိချင်း တစ်လံပတ်လည်ကျယ်ဝန်းသော လေးထောင့်စားပွဲကြီးတစ်လုံးရှိသည်။ သည်အပေါ်ဝယ် ကြေးကွမ်းအစ်ကြီး

mgyoe.com

mgyoe.com


တစ်လုံးနှင့် ကြိမ်ကြုတ်ရေနွေးအိုးတစ်လုံးရှိစမြဲဖြစ်၏။ စားပွဲ၏ ဘေးပတ်လည်တွင်ကား နောက်မှီပါသော ခုံတန်းလျားလေးလုံး ရံထား၏။

သည်စားပွဲနှင့် ခုံတန်းလျားများ၏ ဟိုဘက်တွင်မူ အိမ်တိုင်ကို ကပ်ရိုက်ထားသော ကွပ်ပျစ်တစ်လုံးရှိကာ သူကြီးကတော်သားအမိတို့ တိတ်ဆိတ်စွာထိုင်နေကြ၏။ ဗလမှာ အနီးဆုံးသော ခုံတန်းလျားပေါ်တွင် ကွမ်းတဖတ်ဖတ်ဝါးရင်း ထိုင်နေသော သူကြီးဦးကျွဲကို မမြင်သေးဘဲ ချစ်သူရှာနေသော ပိုးစုန်းကြူးမ၏ အလင်းရောင်နှယ် လင်းလိုက်မှိန်လိုက် ဖြစ်နေသော သူကြီးကတော် ဒေါ်ညှာ၏ဆေးလိပ်နှင့် အမေ့ဘေးတွင် သနပ်ခါးအဖွေးသားနှင့် ပုံ့ပုံ့ကလေးထိုင်နေသော ဝါနုကိုသာ တန်းခနဲ မြင်မိသည်။

သနပ်ခါးနံ့ သင်းခနဲ ဖြစ်သွားရာ ဗလရင်ထဲ အေးသွား၏။

"စားပြီးကြပြီလား အရီး"

"အေးကွယ့်၊ ပြီးပါပြီ"

သူကြီးကတော်ထံမှ အဖြေရချိန်တွင် ဗလသည် သူကြီးနှင့် လက်တစ်ကမ်းတွင်ထိုင်မိပြီးသားဖြစ်သွားရာ "ဘာထူးသေးလဲ ဟေ့" မေးသံ ထွက်လာ၏။ သည်အခါကျမှ ဗလမှာ သူကြီးကိုသတိမူမိကာ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သို့သော် အလင်းရောင်နည်းသဖြင့် ဗလ အနေမခက်လှ။ ရှက်ကိုးရှက်ကန်းဖြစ်နေခြင်းကို "နည်းနည်းထူးသလားလို့ပါ သူကြီး" ဟု ပြောခြင်းဖြင့် ချေဖျောက်လိုက်သည်။

"အင်း၊ ဆိုစမ်းပါဦး"

ဗလက သူ ကင်းတဲပေါ်မှ မြင်လိုက်ရသော မြင်းနှစ်စီးအကြောင်း ပြောပြလိုက်ပြီးနောက် "တစ်ယောက်ကတော့ ကျော်စွာဆိုတာ သေချာပါတယ် သူကြီး။ သူ့အသံကို ကျုပ်မှတ်မိတယ်" ဆက်လက်ပြောပြ၏။

"ဘယ်သွားမယ်ဆိုတာ မပါဘူးလား"

"မပါဘူး သူကြီးရ"

"အင်း..."

သူကြီးသည် အင်းရှည်ကြီးမြည်နေစဉ် ဗလမျက်လုံးများသည် ဝါနုထံ

mgyoe.com

mgyoe.com


ဝဲပျံသွား၏။ မလင်းချင်းလှသော မီးရောင်အောက်မှာပင် ဝါနု၏မျက်နှာကလေးမှာ ကျက်သရေရှိနေ၏။ မို့ဖောင်းသောပါးကလေးများမှာဝင်း၍ ဥ၍နေ၏။ သို့သော် ဒူးပေါ်မေးတင်ကာ မျက်လွှာချထားသဖြင့် ကြယ်တံခွန်လွှတ်သလို တောက်သော၊ မြူးသောမျက်လုံးကြီးများကို မမြင်ရပေ။

ထိုမှတစ်ဆင့် ဗလ၏မျက်စိများသည် လှေကားဘက်သို့ ဝဲဝေ့သွားပြန်၏။ လှေကားအောက်ဆင့် ခွေးကတက်သည် လှေကားရင်းမှာသာ မဟုတ်မူ၍ လှေကားအောက်မှာပါ ထန်းသားပျဉ်ချပ်များခင်းထား၏။ ထိုနေရာတွင် နှီးစည်း၊ ရေပုံး၊ ထင်းပေါက်သောပုဆိန်၊ ဓားမ၊ သပ်၊ သံတူးရွင်း၊ သစ်သား အတိုအစတို့ ရှုပ်ပွေနေကာ ခါးပန်းစောင်း၌ ဒုတိယ လူတစ်ယောက် ငြိမ်သက်စွာထိုင်နေ၏။ သူသည် သူကြီးဦးကျွဲ၏ ဒုတိယသက်တော်စောင့် ကျွန်ယုံကိုတင် ဖြစ်၏။

အရေးကြီးသူ၏ အပါးတွင်ကပ်မနေဘဲ မှောင်ရိပ်မှ ငြိမ်သက်စွာ ကြည့်နေခြင်းသည် ညဥ့်အခါ၌ လွန်စွာလိုအပ်၏။

မြန်မာနိုင်ငံမှ ဖက်ဆစ်နယ်ချဲ့သမားများ ဆုတ်ခွာသွားသောအခါ တစ်ချိန်က ကုဋေပေါင်းသန်းချီပြီး တန်သော်ငြား ယခုအချိန်တွင် မုံးစေ့တစ်စေ့ လောက်မျှတန်ဖိုးမရှိသော 'ထောင်မလဲသဲကော်၊ ဘုရားနီဘေးဖြူ' များနှင့် လက်နက်တန်ချိန်များစွာကို မြန်မာ့မြေပြင်အနှံ့စွန့်ပစ်ခဲ့ကြရာ သည်လက်နက် များကို ကောက်ယူကာ ထကြွသော ဓားပြအဖွဲ့များ တစ်နိုင်ငံလုံး၌ မင်းမူလျက်ရှိ၏။ ငါနှင့်မတူ ငါ့ရန်သူ၊ ငါ့ကိုမထောက်ခံသူ ငါ့ရန်သူဟူသော အယူအဆ ကြီးကြောင့်လည်း ချောင်းမြောင်းပစ်ခတ် သတ်ဖြတ်မှုများ ရုတ်တရက်ရှောင် တခင်ဝင်လာကာ ပစ်သတ်သွားခြင်း စသည်တို့ တင်းကျမ်းဖြစ်ပွားနေချိန်ဖြစ်ရာ လိုသော်ရှိ၊ မလိုသော်ရှိ သတိဝီရိယ ကားထားရမည်သာ။ ဤနှယ် နေထိုင်ရမည်သာဖြစ်၏။

သို့မှသာ ကိုတောထံမှ ကျွံဝင်လာသော ရန်သူသည် သူကြီးထံ ဦးတည်လာစဥ် ဘေးမှ ကိုတင်ကထ၍ တိုက်ခိုက်နိုင်မည် မဟုတ်လော။

"မိုလ်ချုပ်တို့ ဘိလပ်ရောက်သွားပြီဆိုတာ ငါလည်းကြားပါတယ်။

mgyoe.com

mgyoe.com


ရဲဘော်တွေကလည်း ဗိုလ်ချုပ်မှာပစ်ခဲ့သလို အသင့်ဖြစ်အောင် စီမံနေကြပြီ ထင်တာပဲကွ"

"ကျုပ်ကတော့ ဒီလိုမထင်ဘူး သူကြီးရ။ ကျော်စွာတို့ စားပြတိုက်ဖို့လား၊ နွားခိုးဖို့လား"

"ကိုဗလ"

သာယာသော်လည်း စူးရှသော ဝါနုအသံကြောင့် ဗလ တွန့်သွား၏။

"တော်ဟာ လူတစ်ဖက်သားကို မတရား မပြောပါနဲ့။ မှောင်ထဲမှာ ကိုကျော်စွာဆိုတာ သေချာသလား။ စားပြတိုက်မယ်၊ နွားခိုးမယ်ဆိုတာကော ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်သလဲ"

"ဟဲ့.. သမီးရဲ့၊ စားပြတိုက်မှ ပိုက်ဆံရမယ်၊ ပိုက်ဆံရမှ လက်နက်ဝယ်နိုင်မယ် မဟုတ်လား သမီးရဲ့"

ဦးကျွဲက ဝါနုအား လှမ်းပြောရင်း ဗလအား အလေးတင်းပေးလိုက်သည့်ခဏတွင် ဒေါ်ညွှာသည် ဆေးပေါ့လိပ်ကြီးကို ဘေးနားရှိ ကြေးဖလားထဲသို့ ကပျာကယာချထားလိုက်ပြီး 'ကိုကျွဲ' ဟု မကျေနပ်သံဖြင့် စလိုက်၏။

"ဗိုလ်ချုပ်အောင်ဆန်းဟာ ကျုပ်တို့နယ်သားပါတော့်။ ရဲဘော်တွေဟာ ဗိုလ်ချုပ်သားတွေပါ။ စကားပြောရင် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ပြီး မတော်တာမပြောပါနဲ့"

"ဟ... ငါက ဘာပြောလို့လဲ"

"အခု တော်ပြောလိုက်တဲ့စကားဟာ ရဲဘော်တွေကို သားပုပ်လေလွင့်ပြောတာမဟုတ်လား။ ရဲဘော်တွေကို သွားပုပ်လေလွင့်ပြောတာဟာ ဗိုလ်ချုပ်ကို အသရေဖျက်တာနဲ့ ဘာထူးလဲ"

ဦးကျွဲ ခပ်အုပ်အုပ်ရယ်လိုက်သည်။ သရော်သောရယ်သံ။

"မယ်မင်းကြီးမ အခုမှ နာမနေနဲ့"

"နာမှာပဲ၊ နာစရာရှိရင် နာရမှာပဲ။ ဒီမယ် ကိုကျွဲ၊ ဒီနေရာကနေပြီး မြောက်ခွင်တစ်ခွင်လုံးမကဘူး အနောက်ဘက်က ရေနံချောင်းနယ်၊ မြောက်ဘက်က ကျောက်ပန်းတောင်းနယ်၊ အိုတော်... ဘယ်သွားသွား ရဲဘော်တွေချည်းပဲ၊

mgyoe.com

mgyoe.com


ရဲဘော်တွေကို တစ်ပြည်လုံးက ချစ်ကြတယ်၊ ကြည်ညိုကြတယ်၊ တော်အနေ မဟုတ်၊ အပြောမဟုတ်တာနဲ့ ကျုပ် မြန်မြန်မှုဆိုးမဖြစ်တော့မယ် သိလား"

"အိုကွာ သူ့သေကိုယ်သေပေါ့"

ဦးကျွဲသည် ပမာမခန့်လေသံဖြင့် စလိုက်ပြီးမှ လေသံပျော့သွားပြန်သည်။

"ညည်းပြောတာလည်း ဟုတ်ပါတယ် မညှာရယ်။ မိုးမပြိုဘူး ပြိုခဲ့သော်ဆိုပြီးတွေးရတာပဲဟ။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်သတဲ့"

"ဒါနဲ့များတော်၊ တော်မို့မဆင်မခြင်ပြောရဲတယ်။ ဟေ့... မောင်ဗလ"

"ခင်ဗျား အရိုး"

"ရဲဘော်တွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတဲ့စကားကို မင်းက ရေလာမြောင်းပေးလုပ်တာနော်၊ ကွယ်ရာကျတော့မှ မင့်အပြောကို ငါ့ယောကျ်ားရဲ့ အပြောမလုပ်နဲ့။ ဟင်း ဒါပဲ"

"မညှာ ငါ့ကိစ္စမှာ မင်း ဝင်မရှုပ်နဲ့ကွာ"

သူ ယုံကြည်ထားသော သတင်းပေးတစ်ယောက်အတွက် ဦးကျွဲဒေါသဖြင့်ဝင်၍ ကာကွယ်ရပြီ။

"ရှုပ်တာမဟုတ်ဘူး။ လူတွေက သစ္စာရှိကြတာမဟုတ်တော့ သူ့လူကိုယ့်ဘက်သားလည်း သတိထားရသတော့"

"မင်းတော်ရင် ကောင်းမယ်"

"ပြောစရာရှိရင် ပြောရမှာပဲ"

"ကဲပါအမေရယ်၊ သမီးတောင်းပန်ပါတယ်။ တော်ပါတော့"

"ညည်းအသာနေစမ်း မိန်းကလေး"

ဝါနု ဖျန်ဖြေ၍မှ မပြေလျှင် သည်ရန်စစ်သည် ကြီးကျယ်လာစရာ ရှိ၏။ သို့တည်းမဟုတ် ရုတ်တရက်ပြေငြိမ်းဖွယ်မမြင်ဟုတွက်ဆကာ ဗလ ကုပ်ကုပ်ကလေးထပြီး ထွက်လာရာ ဦးကျွဲက မေး၏။

"ပြန်တော့မလားကွ"

mgyoe.com

mgyoe.com

"ဟုတ်ကဲ့ သူကြီး"

"အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်ကွာ။ နောက်လည်း လာပါကွ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဗလ ထွက်လာခဲ့သော်လည်း ရန်စစ်သည် ငြိမ်းမသွားချေ။ ဝင်းတံခါးဝသို့ ဗလရောက်ချိန်တွင် သူကြီးကတော်၏ "ခေတ်အကြောင်း လည်းမသိ၊ ကာလလည်းမသိတဲ့ တော့်ကိုသနားလို့ပြောတာတော်ရေ့" ဆိုသော အသံကြီးက စူးထွက်လာသဖြင့် ဗလမှာ အသံနှင့်ဝေးအောင် ပြေးထွက်လာခဲ့ရလေ၏။

* * *

ကျော်စွာ၏ မြင်းကြီးသည် ပင်းကတော့ (ပင့်ခဲ့တော့) တောင်၏ တောလမ်းအတိုင်း ဒုန်းစိုင်းလျက်ရှိ၏။ မြင်းခွာသံသည် တိတ်ဆိတ်သော ညဥ့်တင်းထိမ်ကို ဆုတ်ဖြဲလျက် မြောက်ဘက်သို့ ဦးတည်နေ၏။

စေးပျစ်တောများ၊ လှည်းလမ်းများနှင့် လူသွားလမ်းစသော ပြေပြစ်သည့်နေရာများတွင် ဒုန်းစိုင်းရသော်လည်း ကျော်စွာ၏မြင်းကြီးမှာ ရိုး၊ ချောက်နှင့် ချောက်ကြိုချောက်ကြားတွင်ကား ခြေကျမှန်ရုံကလေးသာ သွားနိုင်သဖြင့် သိးခြားနားနေခြင်းမပြုဘဲနှင့် နားပြီး အပန်းဖြေပြီးသား ဖြစ်နေလေ၏။

ပင်းကတော့တောင်သည် ကျော်စွာ၏ လက်ဝဲဘက်၌ ကြီးမားသော ကမ္ဘာဦးသတ္တဝါကြီးတစ်ကောင် အိပ်ပျော်နေဘိအလား မည်းမည်းမှောင်မှောင်ကြီး မှေးစင်းနေပေသည်။

သည်ည လမရှိ။

လမရှိသော်ငြား ကောင်းကင်နက်ကြီးထဲမှာ ကြယ်မီးအိမ်ကလေးတွေက ကျော်စွာ့ကို လမ်းပြပေးနေကြသည်။

အချိန်မှာ သန်းခေါင်မကျော်သေးသည့်တိုင်အောင် သန်းခေါင်ထက်ကား စောတော့မည်မဟုတ်ပေ။ သည်အချိန်မျိုးတွင် သည်တောင်ယံ၊ သည်တောတန်းတွင် ကျော်စွာအတွက် အဖော်ဟူသည် မမျှော်လင့် စကောင်း။

mgyoe.com

mgyoe.com


ပုရစ်အစရှိသည့် မြေပိုးမြေမွှားတို့၏ အော်မြည်သံသာလျှင် ကျော်စွာအတွက် အဖော်ဖြစ်ပေသည်။

တောစပ်ချုံပုတ်များဆီမှ သစ်ရွက်ပေါ်သို့ နှင်းပေါက်များ၊ တသဲသဲ သွန်ကျနေသည်။ အမှတ်မဲ့မူ မိုးဖွဲကလေးရွာနေသည်ထင်ရ၏။ သို့ဖြစ်ပါ လျက်နှင့်ပင် ကျော်စွာ၏ မြင်းနီ မန်ကျည်းစေ့ကြီးမှာ ချွေးဖြင့်ရွဲနေသလို ကျော်စွာမှာလည်း ချွေးဖြင့်နစ်နေ၏။

“ကဲ ... ဖေ့သားကြီးရေ့”

လမ်းပြေလာပြီ။ မြင်း၏ဝမ်းဗိုက်ကို ခြေဦးဖြင့် တို့ပေးလိုက်သည်။ ထိုစဉ်တွင် ရှေ့ဆီမှာ ဖျတ်ခနဲ မီးရောင်လိုလို လှမ်းမြင်လိုက်ရသည်။ ကျောက် ပေါ်၊ နှင်းစက်ပေါ်သို့ လရောင်ပြက်လိုက်သော အနေအထားနှင့် လူ့အနေ အထားတို့ သင့်မြတ်ချိန်တွင်လည်း သည်နှယ် ဝင်းခနဲ၊ လက်ခနဲ မြင်ရတတ် ၏။ မြေစုန်းလည်းဖြစ်နိုင်၏။

ထားပါတော့။ သည်ဟာတွေ မဟုတ်မူ၍ ရွှေပန်းတောဂါတ်မှ ပုလိပ် အဖွဲ့ ကင်းလှည့်လာသည်ဖြစ်ဦး ဖြုံစရာမလိုပေ။ လွတ်လပ်ရေးအတွက် စစ်သွေးကြွနေသော သည်လူငယ် ပြည်သူ့ရဲဘော်များကို အကြောင်းမဲ့ မစရဲပေ။

အစိုးရဘက်သားများအပြင် ယခုကဲ့သို့သော အကာလအချိန် သည်နေရာမျိုးတွင် ယခုထက်တိုင် ကြွင်းကျန်နေသေးသော ဓားပြအဖွဲ့ များကော မဖြစ်နိုင်ပါသလော။ ဖြစ်ပါစေ။ ကျော်စွာမှာ သာမန်အရပ်သား အဖြစ်ဖြင့်သာ ဓားပြကို ကြောက်ကောင်းကြောက်မည်။ ရှုံ့ကောင်းရှုံ့မည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်အဖြစ်ဖြင့်ကား ဓားပြကိုလည်းမကြောက်ချေ။

ပြည်သူ့ရဲဘော်များကို ဖဆပလအား ထောက်ခံသောရိုးသားသည့် ပြည်သူလူထုကြီးကသာ ချစ်ခင်သည်မဟုတ်။ ဓားပြများကလည်း ချစ်ခင် လေးစားသည်သာ။

သည်အကြောင်းကို စဉ်းစားမိသောအခါ ကျော်စွာမှာ ပြုံးပင်ပြုံးရ သေးသည်။

မကြာလှသေးပါ။

mgyoe.com

mgyoe.com


မကြာခဏဆို လွန်ခဲ့သောတစ်လကျော်လောက်က ဖြစ်ပေသည်။ သည်အချိန်က ကျော်စွာသည် ဆတ်သားတာဝန်ဖြင့် ရေနံချောင်းမှ စလေသို့ သွားခဲ့သည်။

ထိုစဉ်က သူ တရားအဟောကောင်းသောကြောင့် စားပြများ ဘာမျှ မယူဘဲ လေ့ပေါ်မှ ဆင်းသွားကြပုံကို မြင်းကြီးသယ်ဆောင်ရာသို့ လိုက်ပါလာရင်း တွေးမိသောအခါ ပြုံးမိပြီးသား ဖြစ်သွားလေတော့သည်။

နှင်းမှုန်များသည် ထူထပ်စွာကျဆင်းလာသည်။ မလင်းတလင်းသာ ကူညီနိုင်သော ကြယ်ပွင့်ကလေးများ၏ အလင်းရောင်မှာ နှင်းဖွဲ့မှုန်တို့ တားပိတ်ခံရသဖြင့် ညမှာ အမှောင်အားကောင်းလာသည်။

ရှေ့တစ်ကွေ့ကျော်လျှင် "ဒန့်ဒလွန်" ရွာကို မြင်ရတော့မည်။ သို့ကြောင့် ကျော်စွာရှေ့သို့ မျှော်အကြည့်တွင် မြင်းကြီးမှာ ထိတ်လန့်တကြားအော်ရင်း ဖြစ်ကတတ်ဆန်း ခုန်လိုက်ရလေ၏။ ခုန်လွှားရန် အမိန့်မပေးမိသဖြင့် ကျော်စွာလည်း ပြင်ဆင်မထားမိ။ သို့ဖြင့် လိမ့်မကျအောင် ဖြစ်ကတတ်ဆန်း လုပ်လိုက်ရပြား မြင်းပေါ်မှ စဉ်ကျလုကျခင် ဖြစ်သွားလေ၏။

ခွတစ်ခုဖြစ်သည်။

လှူသွားလမ်းဖြစ်၍ အသားကျနေပြီမို့ လမ်းကို မပိတ်ချင်သော ယာခင်းရှင်သည် နွားကို အဝင်မခံနိုင်ပေ။ လူမူ သွား၍ရပြီး နွားကားဝင်၍ မရစေရန် ခရီးအဝင်တွင် ခွဆုံစိုက်၍ ပိတ်ထားခြင်းဖြစ်သည်။ သည်ခွ ဆုံစိုက်ပြီးချိန်မှစ၍ သည်လမ်းကိုမရောက်ဘူးသေးသော ကျော်စွာရော မြင်းပါ အမှတ်မဲ့ ကသိကအောက်ဖြစ်သွားကြရပေသည်။

ကျော်စွာ ပြင်းစွာတက်ခေါက်လိုက်သည်။

"ကံကောင်းလို့ပေါ့ကွာ။ ငါ့ကောင်သာ အချိန်မီ မခုန်နိုင်ရင် ငါက ရှေ့ကို 'စဉ်' ထွက်သွားမယ်။ ကျိုးမလား၊ ပဲ့မလား၊ သေမလား။ အင်း... မသေမပျောက်။ မကျိုးမပဲ့သေးဘဲ တော်လှန်ရေးမှာ ပါရပါစေဦး ဘုရား"

ကျော်စွာ့စိတ်ထဲက ဆုတောင်းလိုက်မိ၏။

ကျော်စွာတို့အရှယ် ပြည်သူ့ရဲဘော်ကလေးများမှာ နယ်ချဲ့တိုက်ထုတ်

mgyoe.com

mgyoe.com


ရေးစစ်ပွဲ၊ ဖက်ဆစ်တော်လှန်မောင်းထုတ်ရေး စစ်ပွဲများတွင် မမီခဲ့ကြသည့်အတွက် လာလတ္တံ့သော လွတ်လပ်ရေး တိုက်ပွဲစစ်တွင် မုချဆတ်ဆတ် ပါဝင်ရတော့မည်တွေးကာ ဝမ်းသာနေကြ၏။ တက်ကြွနေကြ၏။ ဗြိတိသျှနယ်ချဲ့သမားနောက်တစ်ကြိမ် ကျွန်ပြုခွင့်မရရန် တားဆီးသောစစ်သည် မုချဖြစ်ပွားရမည်ဟူ၍လည်း မျှော်လင့်နေကြပေသည်။

ယခုပင်လျှင် ကျော်စွာယူဆောင်လာသောစာသည် တော်လှန်ကြတော့၊ ချကြတော့ အချက်ပေးသောစာ ဖြစ်ဖို့များ၏။

ရွာနားသို့ နီးကပ်လာခဲ့ပြီ။

သဘော်ာ မန်ကျည်းပင်တန်းကလေးအနီးသို့ရောက်လျှင် မန်ကျည်းပင်ရိပ်မှ ဆေးလိပ်မီးတရဲရဲဖြင့် လူတစ်ယောက် ထွက်လာ၏။

"အချိန်မတော်ကြီးမှာ ဘယ်သွားမလို့လဲ"

"ရဲဘော်ရာပြတ်ဆီသွားမလို့။ အရေးကြီးတဲ့ကိစ္စနဲ့လာတာပါ။ သူ့ကိုဘယ်မှာတွေ့နိုင်မလဲ"

"ရှေ့ကလမ်းအတိုင်းသွားပြီး လမ်းဆုံရောက်ရင် အရှေ့ဘက်လမ်းအတိုင်းလိုက်သွား။ ကျောင်းထဲက ဇရပ်ပေါ်မှာရှိတယ်"

မောင်ထဲကရဲဘော်ညွှန်ပြသောနေရာမှာ ဆရာတော် ရှင်နန္ဒဝံသ၏ကျောင်းဝိုင်းဖြစ်သည်။ သည်ဆရာတော်မှာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကြီးမားသူဖြစ်ရာ ဝံသာနုခေတ်ကလည်း ဝံသာနုခေတ်အလျောက်၊ တို့ဗမာသခင်ခေတ်တွင်လည်း သခင်ခေတ်အလျောက်အားပေးခဲ့ရာ ယခု ပြည်သူ့ရဲဘော်များအတွက် သူ၏ ကျောင်းကို ဘူမိနက်သန်လုပ်ခွင့်ပေးထားသည်။

ကျော်စွာသည် မြင်းကိုဆွဲလျက်ကျောင်းဝိုင်းထဲ ဝင်လာရာ ဇရပ်နားမရောက်မီ မီးရောင်အထိုးခံလိုက်ရ၏။

"ဟား ကျော်စွာပါလား"

နှုတ်ဆက်သံနှင့်အတူ အနားသို့ရောက်လာသူမှာ ဆည်ကြီးရွာသားရဲဘော်တစ်ယောက်ဖြစ်၏။

"ခင်ဗျားကဘယ်လိုလုပ်ပြီး ဒီမှာ တာဝန်လာကျနေရတာလဲ ကိုညို၊

mgyoe.com

mgyoe.com


ဒါထက် ရဲဘော်ရာပြတ် ဘယ်မှာလဲ”

“ဟောဟိုဇရပ်ပေါ်မှာ”

ကျော်စွာသည် ရဲဘော်ညိုနှင့် ပြောဆိုစရာတွေရှိသော်ငြား နှုတ်ပင်မဆက်နိုင်သေးဘဲ ဇရပ်ဆောင်းသို့ ချဉ်းကပ်လာခဲ့ရင်း “ရဲဘော်ရာပြတ်၊ စာဖျို့”ဟု ခပ်အုပ်အုပ်ကလေး ပြောလိုက်သည်တွင် ငြိမ်သက်နေခဲ့သော ဇရပ်အတွင်းမှ လှုပ်ရှားသံများပေါ်လာကာ ရဲဘော်ရာပြတ်၏ ကြီးမားသော ဦးခေါင်းကြီးပေါ်လာ၏။

“ရဲဘော် ကျော်စွာပါလား၊ လာဗျို့”

မှောင်နှင့် မည်းမည်းရှိနေခဲ့သော ဇရပ်ပေါ်တွင် အလင်းရောင်ပေါ်လာသည်။ သေးငယ်သော ဖယောင်းတိုင်မီးရောင်သည် ထူထဲကျယ်ပြန့်သော အမှောင်ထုကို ထိုးဖောက်နိုင်ခြင်းမရှိစေကာမူ မှောင်ထဲမှလာသော ကျော်စွာမှာမူ ငြိမ်သက်စွာ ထိုင်နေနှင့်သော လူများကို မြင်လိုက်ပြီးပေပြီ။

သူတို့သည် ကောင်းစွာမလင်းလှသော မီးရောင်အောက်တွင် ကျော်စွာယူလာသော ညွှန်ကြားစာကို ခေါင်းချင်းဆိုင်ကာ ဖတ်ကြ၏။ ထိုသူများမှာ ဒန့်ဒလွန်တိုက်နယ် စစ်ခေါင်းဆောင် ရဲဘော်ရာပြတ်၊ မိုးနံတောတိုက်နယ် စစ်ခေါင်းဆောင်ရဲဘော်ချစ်မောင်၊ ရွာမွန်တိုက်နယ် စစ်ခေါင်းဆောင် ရဲဘော်စံတင်၊ အိုးပေါက်ကုန်းတိုက်နယ် စစ်ခေါင်းဆောင် ရဲဘော်အောင်ကြည်နှင့် အလယ်ရွာတိုက်နယ် စစ်ခေါင်းဆောင် ရဲဘော်ထွန်းသိန်းတို့ဖြစ်၏။

ညဉ့်နက်သန်းခေါင်တိုင်အောင် သည်ဇရပ်တွင် သူတို့တွေ့ဆုံဆွေးနွေးနေကျဖြစ်ရာ သူတို့မျှော်လင့်နေခဲ့သော အချက်ပြမီးစိမ်းကို ယနေ့ည ရရှိပေပြီ။

မျက်တွင်းကျသော်လည်း ထိုမျက်တွင်းချိုင့်ထဲမှ မျက်လုံးအစုံမှာ အမြဲတမ်းတောက်ပ စူးရှလျက်ရှိသော နှာတံပေါ်ပေါ်၊ ပိန်ပိန်ပါးပါးနှင့် ရဲဘော်ချစ်မောင်က စာရွက်ကို ဆက်လက်ငုံ့ကြည့်နေရာမှ ရှင်းလင်းပြသည်။

“ဒီညွှန်ကြားစာထဲမှာ ပါတာတွေကို ဆွဲထုတ်ကြည့်လိုက်ရင် ၃၁ ရက်နေ့မတိုင်ခင်ကပဲ ကြိုတင်ပြီး လှုပ်ရှားထကြွရမယ်။ လက်နက်စုဆောင်းရမယ်ဆိုတဲ့ အချက်နှစ်ချက်ရယ်၊ တာဝန်ခွဲဝေပေးတာရယ် တွေ့ရတယ်။ ကဲ… ကျွန်

mgyoe.com

mgyoe.com


တော်တော့ ဒီလိုပဲနားလည်ပါတယ်"

တာဝန်ပေးရာတွင် မြို့နယ်၏ အရှေ့ခြမ်းကို ရဲဘော်ရာပြတ်နှင့် ရဲဘော်ထွန်းသိန်း၊ မြို့နယ်၏အနောက်ခြမ်းအတွက် ရဲဘော်ချစ်မောင်၊ ရဲဘော်အောင်ကြည်၊ ရွာမွန်၊ ပင်းနှင့် အနီးအနားတိုက်နယ်များကို ရဲဘော်စံတင်တို့က တာဝန်ယူ ဆောင်ရွက်ကြရန် ဖော်ပြထားပေသည်။

"ဟုတ်ပါတယ်။ ကျွန်တော်လည်း ဒီလိုပဲ သဘောပေါက်ပါတယ်။ ဒီတော့ ဒါကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ..."

ရဲဘော် စံတင်၏ အမေးဖြစ်သည်။

"အကောင်အထည်ဖော်ဆိုရင် ရဲဘော်တွေ စစ်ရေးလေ့ကျင့်တာ၊ ရဲဘော်သစ်တွေ သင်တန်းပေးတာကို ခင်ဗျားပဲဆက်ပြီး တာဝန်ယူပေါ့"

ရဲဘော်စံတင်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်တည်ထောင်သည်မှစ၍ တပ်မတော်တစ်ခုပြီးတစ်ခု ဆက်လက်အမှုထမ်းခဲ့ရာ ကန္တီစာချုပ်ချုပ်ဆိုပြီးခါမှ ရွာပြန်လာသော စစ်ပြန်ရဲဘော်ဟောင်းကြီး ဖြစ်သဖြင့် သည်တာဝန်မှာ သူနှင့်အကိုက်ညီဆုံးဟု သူ့ရဲဘော်များက မြင်ကြသည်။ ထို့ကြောင့် သူ့ကို တာဝန်ပေးကြခြင်းဖြစ်၏။

"လက်နက်စုဆောင်းဖို့"

နောက်တစ်ချက်ကို တစ်ယောက်ကစတင်လိုက်၏။ သည်အခါတွင်ကား ပထမအချက်လောက် နှုတ်မသွက်ကြတော့ပေ။ အရေးကြီးသလောက် ခက်ခဲသော အလုပ်ဖြစ်၏။

"ကျုပ်တို့ မြို့နယ်ထဲမှာ လိုင်စင်နဲ့ ထုတ်ပေးထားတဲ့ သေနတ်တွေဟာ ကျုပ်တို့ သေနတ်တွေပေါ့"

"မဟုတ်သေးဘူးလေ။ တရားမဝင်တဲ့ လက်နက်ပုန်းတွေရရင် ပိုမကောင်းဘူးလား။ ဒါမှသာ ကျုပ်တို့လက်ထဲမှာရှိတာကို လူမသိမှာပေါ့"

"ကိုရွှေအောင်တို့၊ ကိုမင်းခေါင်တို့ဆီကို တစ်ယောက် သွားဆက်သွယ်ဗျာ။ သူတို့ဆီမှာ လက်နက်ရနိုင်တယ်"

"ကျုပ် တာဝန်ယူမယ်"

mgyoe.com

mgyoe.com


"ဟုတ်ပြီ။ ဆင်ခေါင်းရယ်။ အလယ်ရွာရယ်၊ ပန်းတော်ကျင်းရယ်၊ ကျုပ်သွားမယ်။ အနည်းဆုံး သေနတ်သုံးလက်တော့ သေချာတယ်"

ညဥ့်နက်မှန်းမသိ နက်လာခဲ့သည်။ ကမ္ဘာနှင့်အဝန်းချိုပြီး နယ်ချဲ့လာသော ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးအား လက်နက်စွဲကိုင်ပုန်ကန်ရေးမှာ သည်မျှသော သေနတ်ကလေးဖြင့်ကား မဖြစ်သေး။ ၃၁ ရက်နေ့တွင် ထကြွရန်အတွက် အသင့်ဖြစ်နေရန်လိုသည်။

"ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား"

အကြံအိုက်နေကြစဉ် ရဲဘော် ထွန်းသိန်းက စတင်လိုက်သဖြင့် အာရုံအားလုံးသည် သူ့ထံသို့ စုပြုံလာကြ၏။

"အခုစီစဉ်တဲ့အတိုင်း အကြိုအကြားမှာ ကပ်နေတဲ့ လက်နက်ကို ရအောင် စုဆောင်းအရင်းတည်ပြီး နယ်လှည့်လာတဲ့ ပုလိပ်အဖွဲ့တွေကို တိုက်မယ်။ သူတို့အင်ကြီးအားကြီးနဲ့ စုပေါင်းပြီးနေတဲ့ ရွှေပန်းတော ဂါတ်ထဲက ပွဲထွက်လာအောင် မြှူပြီးတော့ သူတို့ပွဲထွက်အလာမှာ တိုက်။ အဲဒီလိုနဲ့ လက်နက်အတော်ကလေးရလာတော့ ရွှေပန်းတောဂါတ်ကို ဝင်းစီး"

"ဟုတ်တယ်၊ ကောင်းတယ်"

သည်အခိုက်ဝယ် ရဲဘော်ရာပြတ်နှင့် ရဲဘော်ချစ်မောင်တို့၏ မျက်လုံးများမှာ တောက်ပြောင်လာကြ၏။ သည်အခိုက်အတန့်ကာလကလေးအတွင်းမှာပင် အကြံကောင်း၊ စိတ်ကူးကောင်းများက သူတို့ခေါင်းထဲသို့ ပြေးဝင်လာကြသောကြောင့်ပင်။

* * *

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်။

နံနက် ရှစ်နာရီခန့်ရှိပေပြီ။

နေခြည်သည် ရွှေပန်းတောဂါတ်ဝင်းအတွင်းသို့ မရဲတရဲ ထိုးဆင်းနေသည်။ သို့တစေ နေရောင်သည် ကြားခံပိတ်ဆီးနေသော နှင်းလွှာထုကို မဖောက်နိုင်သေး။ ဂါတ်ရှေ့ ဖျောက်ဆိပ်ပင်ကြီးအောက်တွင် နှင်းပြာပြာသည်

mgyoe.com

mgyoe.com


အစိုင်အခဲဖွဲ့နေသေး၏။

ဂါတ်ရှေ့သို့ ပုလိပ်သားများ တန်းစီလူစစ်ခံရန် တဖွဲဖွဲရောက်လာကြကာ နေစာလှုံနေကြ၏ ဟိုနားတစ်စု သည်နားတစ်စု စကားစမြည်ပြောနေကြ၏။ ဂါတ်တောင်ဘက် ပုလိပ်သား အိမ်ထောင်စုအိမ်များ၏ ခေါင်မိုးတွင် မီးခိုးများအူနေသည်။ အူနေသောမီးခိုးများသည် အပေါ်သို့မတက်နိုင်သဖြင့် အောက်ဘက်သို့ တဖြည်းဖြည်းအန်ကျနေလေသည်။

တာဝန်ကျပုလိပ် စန္ဒလီသည် ဂါတ်ကြီးရှေ့တွင် တောင်မြောက်လူးလာလျက် မှန်မှန်လျှောက်နေ၏။ ဂါတ်စာရေးသည် တံခါးပေါက်တွင် ပျင်းရိစွာမှီတွဲရင်း နေစာလှုံနေသော ပုလိပ်များအား ငေးကြည့်နေ၏။

ထိုစဉ်တွင် ဂါတ်ဝင်း၏ အရှေ့ဘက်ပေါက်မှ လူတစ်ယောက် တုံ့နှေးစွာဝင်လာသည်။ ဆုံကုန်းရွာသူကြီးဖြစ်၏။

"ဘယ်ကလာတာလဲ သူကြီး"

ပုလိပ်တစ်ယောက်နှင့် စကားပြောနေရာမှ လှည့်မေးလိုက်သူမှာ ကိုမင်းနောင်ဖြစ်သည်။

"ဒီတင်ပါပဲ စာသင်ကြီးရာ"

"အကြောင်းထူးလို့လား"

"ထူးဆို မနေ့ညက သန်းခေါင်ကျော်လောက်မှာပေါ့။ ညောင်အိုင်မှာ ဓားပြတိုက်သွားလို့ စာသင်ကြီးရေ"

သည်ကာလတွင် နွားခိုးခံရခြင်းနှင့် ဓားပြတိုက်မှုဖြစ်ပွားခြင်းတို့မှာ ထမင်းစား ရေသောက်သဖွယ်ဖြစ်နေပေသည်။ သူပုန်ထလိုသော ပြည်သူ့ရဲဘော်များအတွက်သာ လက်နက်ခက်ခဲငြား၊ သူခိုးဓားပြများလက်ထဲတွင်ကား လက်နက်များ အလျှံပယ်ရှိ၏။ ထို့ကြောင့်လည်း ဓားပြမှုဖြစ်ပွားခြင်းမှာ အဆန်းမဟုတ်တော့ချေ။

သို့သော် စာသင်ကြီးသည် ရပ်ရွာလူထု၏ လုံခြုံရေးအတွက် တာဝန်ရှိသူပီပီ ဆက်လက်မေးမြန်း၏။

"ဓားပြက ဘယ်နှယောက်တဲ့လဲ"

mgyoe.com

mgyoe.com


"လေး–ငါး–ခြောက်ယောက်တော့ရှိမယ်ထင်တယ်ပြောတာပဲ စာသင်ကြီးရဲ့။ သူလည်း ကြောက်တာနဲ့ မကြည့်ရဲဘူးတဲ့"

"သေနတ်ကော"

"သေနတ်တော့ လူစေ့ ပါဟန်တူတယ်။ အဲဒါတော့ ဟုတ်မယ် စာသင်ကြီးရေ။ ပစ်လိုက်တဲ့ သေနတ်ဟာ သီတင်းကျွတ်မှာ ဖြောက်ဖောက်တာ ကျနေတာပဲ"

"ဖြောက်အိုးတွေများလားဗျာ"

အနားရှိ ပုလိပ်များ ဝါးခနဲ ရယ်မောကြသည်။ သူကြီးလည်း ရောယောင်ရယ်မောရာက ...

"လုပ်ကရော့မယ် စာသင်ကြီးကလဲ၊ ဖြောက်အိုးသံနဲ့သေနတ်သံ အကွဲကြီးပါဗျာ။ သေနတ်မှ ဂျပန်သေနတ်ဗျ။ ဖောက်... ထိုင်း၊ ဖောက်.... ထိုင်းနဲ့"

"ဘာတွေ ပါသွားသတဲ့လဲ"

"ရှိစုမဲ့စု စောင်ဝတ်ထည်ဖျင်စင်းနဲ့ နွားနှစ်ကောင် ပါသွားသတဲ့"

"အင်း ... ဟုတ်ပြီလေ၊ ကဲ–သွားသွားတိုင်ချက်ဖွင့်ချေ"

သူကြီးသည် စာသင်ကြီးထံတွင် ပြောသည့်စကားများကိုပင် ထပ်မံရွတ်ဆိုရန်အတွက် ဂါတ်ကြီးဘက်သို့ လျှောက်သွားလေတော့သည်။

"ဓားပြ–ဓားပြ။ အင်း ... ဘယ်တော့များမှ ဓားပြဆိုတာတွေကုန်ပြီးငြိမ်းအေးပါ့မလဲ"

စာသင်ဘေးမှ ပုလိပ်ကလေးသည် ညည်းတွားလိုက်ရင်း ဂါတ်အရှေ့ဘက်ရှိ နှင်းနှင့် နေခြည်ရောနှောက်အပူဇော်ခံနေသော ရန်ပြေစေတီတော်ကို သညာကင်းစွာငေးကြည့်နေမိ၏။

လူ့တစ်ရပ်အမြင့် အုတ်တိုင်ထူထားသော စေတီငယ်ရှစ်ဆူသည် စေတီကြီးအား ဝန်းရံခစားလျက်ရှိသည်။ သည်စေတီကြီးကိုကြည့်ပြီးမှ ဓားပြဘယ်တော့ငြိမ်းပါ့မယ် ညည်းတွားခြင်းမှာ မည်ကဲ့သို့သော အကြောင်းကြောင့်ပေနည်း။

ဤစေတီတော်ကား သည်မြောက်ခွင်တလွှား၌ ဓားပြရန်ငြိမ်းအေးပြီ

mgyoe.com

mgyoe.com


ဆိုသော အထိမ်းအမှတ်ဖြင့် တည်ထားခဲ့သောကြောင့်ပေတည်း။

စေတီတော်၏ဘွဲ့တော်အပြည့်အစုံမှာ "ငြိမ်းချမ်းအေး မဟာရန်ပြေ စေတီတော်" ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးတွင် မြန်မာပြည်အနှံ့အပြား၌ ဓားပြဂိုဏ်းများ မှိုလိုပေါက်နေခဲ့ရာ နတ်မောက်မြို့နယ် မြောက်ပိုင်းရွှေပန်းတောနယ်လည်း အပါအဝင်ဖြစ်သည်။ နာမည်ကြီးဓားပြများမှာ သူတို့အခြေစိုက်စခန်းကလေးတွေ ရှိကြ၏။ ဆတ်ချိုတောင်တစ်ဝိုက်တွင် အိုင်မကျည်းအေးမောင်အဖွဲ့နှင့်၊ အရှေ့ဆုံကုန်းမှာ ညီဒွေးအဖွဲ့မင်းမူခဲ့ကြသည်။

တောင်ဘက်စိုင်ခေါင်းနယ်အစပ်တွင် တံခွန်တိုင်ချစ်မောင်ဂိုဏ်းနှင့်ပင်းကျားဒူးရွှေအောင်ဂိုဏ်းတို့ စိုးမိုးခဲ့ကြ၍ အနောက်ပိုင်းတွင် ဗိုလ်ဒွေး၊ ဗိုလ်စောဂိုဏ်းနှင့် ငွေဒင်တို့ ဂိုဏ်းဗိုလ်လုပ်ခဲ့ကြသည်။

သူတို့အား ဗြိတိသျှစစ်တပ်ကလက်နက် ထောက်ပံ့ကာ ထူထောင်ပေးခြင်းဖြစ်ငြား ဖက်ဆစ်ဂျပန်တို့ကိုကား မည်သို့မျှ တို့ထိရဲခြင်းမရှိဘဲ၊ တောနေလူထု လယ်သမား၊ ယာသမားတို့ကိုသာ လုယက်သတ်ဖြတ်ခဲ့ကြ၏။ စစ်ကြီးပြီးဆုံးသွားချိန်တွင်လည်း လူထုမှာ ဆက်လက်လုယက် တိုက်ခိုက်ခံရဆဲရှိနေသေးသည်။ ထိုအခါ ဗြိတိသျှအာဏာပိုင်များက ရပ်ချိန်သင့်ပြီ ယူဆကာ လက်နက်အချခိုင်းသည်။

ဓားပြများလက်နက်ချသောအခါ ဓားပြများလက်နက်ချသဖြင့် နယ်မြေကြီး အေးချမ်းတော့မည်။ သာယာဝပြောတော့မည်ဟူသော မျှော်လင့်ချက်ကြီးဖြစ်ပေါ်လာစေရန် လက်နက်ချပွဲကို ဂုဏ်ပြုဖို့ လိုလာလေသည်။ ထို့ကြောင့် 'ငြိမ်းချမ်းအေးမဟာရန်ပြေ' ဘုရားတည်ရန် အလှူငွေများ ကောက်ခံသည်။ ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့၏ အလှူငွေဖြင့် တည်ထားခြင်းကြောင့် (၇) မျက်နှာဘုရားအဖြစ် တည်ဆောက်ခဲ့၏။

ဗြိတိသျှတို့မွေးထုတ်ပေးသော ဓားပြရန်အေးသွားသော်ငြား၊ သူ့ဘာသာသူဖြစ်လာသော ဓားပြရန်ကား အေးမသွား ဟိုနား ဖြိုးဖြိုးဖြောက်ဖြောက်၊ သည်နားဖြိုးဖြိုးဖြောက်ဖြောက် တိုက်နေကြသည်သာ။

mgyoe.com

mgyoe.com


ထို့ကြောင့် အမှုကြီးစာရင်းဝင် ဓားပြမှုတွေ ဘယ်တော့များမှ ကင်းစင်ပါမည်လဲဟု ပုလိပ်သားကလေးညည်းတွားခြင်းဖြစ်၏။

ဆုံကုန်းသူကြီး ဂါတ်ဝင်းထဲမှ ထွက်ခွာသွားချိန်တွင် ပုလိပ်များ တန်းစီလူစစ်ပြီးသွားပြီ။ ရာဇဝတ်အုပ်ဦးရန်ညွှန့်သည် ဂါတ်ကြီးထဲ ဝင်လာသော စာသင်မင်းနောင်အား ညောင်အိုင်ဓားပြမှုကို သွားရောက်စစ်ဆေးရန် ဆီးကြို တာဝန်ပေးသည်။

"ဘယ်သူတွေခေါ်သွားမလဲဟေ့"

"ဘကြည်၊ ကုလား၊ ကျော်ရှိန်၊ ညွှန့်လှိုင်၊ လှမောင်ပေါ့ဆရာ"

"အေး–သွားတာတော့ သွားပေါ့။ ဒါပေမဲ့ သတိဝီရိယနဲ့သွားဟေ့၊ ပြည်သူ့ရဲဘော်တွေဆိုတာကိုက ကနေ့မိတ်ဆွေပေမယ့် နက်ဖြန်ကျရင် ရန်သူဖြစ်သွားနိုင်တာ၊ တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရပါစေ့မယ် ကတိမပေးရင် ၃၁ ရက်နောက်ဆုံးထားပြီးချမယ်ဆိုတာ ဗိုလ်ချုပ်ကိုယ်တိုင် ဖြောင်ပြောထားတာပဲ။ ဒါ့ထက်ရှင်းတာမရှိတော့ဘူး။ အရှေ့ဘက်ကြိုးဝိုင်းတော့ အထူးသတိပေးစရာ မလိုပါဘူးလေ"

"ဟုတ်ကဲ့ဆရာ စိတ်ချပါ"

စာသင်မင်းနောင် ခေါင်းဆောင်သော ပုလိပ်အဖွဲ့သွားရောက်အမှုစစ်ရမည့် ညောင်အိုင်မှာ ပျော်ဘွယ်နယ်စပ်၊ မိတ္ထီလာနယ်စပ်တို့နှင့် နီးကပ်သောနေရာဖြစ်၏။ ပြည်သူ့ရဲဘော်နှင့် တပ်နီလည်းကွဲပြီးဖြစ်သည့်အတွက် ထိုနယ်စပ်တွင် တောအောင်းတပ်နီများ ရှိနေသည်ဟု ယုံကြည်ကြသည်။ လက်နက်ကိုင် ပုလိပ်တပ်ဖွဲ့ကလေးတစ်ဖွဲ့အတွက် အချိန်မရွေး အန္တရာယ်ဖြစ်နိုင်သောနေရာလည်းဖြစ်၏။

ရွှေပန်းတောဂါတ်မှ အမှုဖြစ်ပွားရာ ညောင်အိုင်နှင့် ဆယ်မိုင်မျှသာဝေးသည်။ သို့သော် ဟိုဝင်သည်ထွက်ဖြင့်လာခဲ့ကြရာ ညောင်အိုင်နှင့် လေးမိုင်မျှဝေးသော ပန်းတော်ကျင်းရွာသို့ ရောက်သောအခါ ညနေစောင်းနေပေပြီ။

သို့ဖြစ်ငြား သည်ခရီး၊ သည်လမ်းကို သူတို့မျက်စိမှိတ်ပြီးသွားလည်း မမှားနိုင်ပေ။ ထို့ကြောင့် ပန်းတော်ကျင်းဝင်ပြီး ခဏတစ်ဖြုတ် စနည်းနာရန်

mgyoe.com

mgyoe.com


စိတ်ကူးသည်။

ရွာအဝင်လမ်းသို့ ခြေဦးလှည့်လိုက်စဉ် လက်ခေါက်မှုတ်သံကို ကြားရ၏။ ပုလိပ်သား လှမောင် ဆတ်ခနဲမော့ကြည့်၏။

"ဘာလဲကွ"

"သစ်ပင်ပေါ်က လက်ခေါက်မှုတ်တယ်ဆရာ"

"အချင်းချင်း နောက်တာပြောင်တာ ဖြစ်မှာပေါ့ကွာ"

ကိုယ့်ထက်ကြီးသူက အမှုမထားသောစကား ဆိုသောကြောင့်သာ ငြိမ်နေလိုက်ရပေမယ့် လှမောင် မကျေနပ်ပေ။ မကျေနပ်ခြင်းထက် မသင်္ကာစိတ်ပြေပျောက်မသွားဟုဆိုက ပို၍ မှန်လိမ့်မည်။

"ငါတို့ ပုလိပ်တွေ လာနေတာကို အချက်ပေးတာဆိုရင် ဖဲရိုက်နေတာလား၊ ကြက်တိုက်နေတာလား၊အရက်ချက်နေတာလား။ အင်း... တစ်ခုခုတော့ တစ်ခုခုပဲ။ အေးလေ ... သစ်ပင်ပေါ်ကဆိုတော့ နွားကျောင်းတဲ့ ကောင်မလေးတွေ၊ ထင်းခွေ၊ ဟင်းရွက်ခူးတဲ့ ကောင်မလေးတွေကို မြင်လို့ ကျီစယ်တာ နောက်ပြောင်တာလည်း ဖြစ်တော့ ဖြစ်နိုင်တာပါပဲလေ"

"ဟာ ...စာသင်ကြီးတို့ပါလား။ ဘယ်သွားကြမလို့လဲ။ ဒီတင်ပဲထင်ပါ့"

လှမောင် အတွေးမဆုံးချင်သေး။ ရွာတံခါးဝမှ ထွက်လာသော ပြည်သူ့ရဲဘော်တစ်ယောက်က ဖော်ရွေစွာ နှုတ်ဆက်သည်။ သူ့ကို ပြည်သူ့ရဲဘော်ဟု အသိအမှတ်ပြုမိခြင်းမှာလည်း သူ့ခေါင်းတွင် ဆောင်းထားသော ဒေါင်းမြီးကွက်တပ်ထားသည့် ပြည်သူ့ရဲဘော် ဦးထုပ်ကြောင့် ဖြစ်၏။

"ညောင်အိုင်မှာ ညက ဓားပြတိုက်သွားလို့ဗျာ။ ခင်ဗျားတို့ မသိဘူးထင်တယ်"

ပုလိပ်တစ်ယောက်ကဝင်ပြောမှ ထိုရဲဘော်မှာ "ဩော် .. ဟုတ်သားပဲ" ဟု ဆိုရာက "နားနားနေနေပေါ့ စာသင်ကြီးရာ။ ကျုပ်တို့ရဲဘော်တွေလည်း လိုက်ခဲ့ပါ့မယ်" ဆက်ပြောပြီး ပုလိပ်တပ်ဖွဲ့ကလေးနှင့်အတူ ပါလာလေသည်။

mgyoe.com

mgyoe.com


"ဒါ ကျွန်တော့်အိမ်ပါ စာသင်ကြီး၊ ဝင်ပါဦး။ အမောအပန်းဖြေရင်းပေါ့။ စာသင်ကြီးတွေ့ချင်တဲ့လူများရှိရင်လည်း ခေါ်ပေးပါမယ်"

ရွာတံခါးဝတွင် တွေ့သောရဲဘော်က သူ့အိမ်သို့ ဖိတ်ကြားသည်။ စာသင်မင်းနောင်မှာ ငြင်းဆိုရန်မသင့်သဖြင့် ဝင်လိုက်လာခဲ့ရ၏။ သည်တွင် အံ့သြစရာတစ်ချက်ကို လူကြီးဖြစ်သော မင်းနောင် တွေ့မတွေ့၊ သတိထားမိခြင်း ရှိမရှိကို အမှတ်တမဲ့ ဖြစ်ကြသော်လည်း ပုလိပ်သား ကလေးကျော်ရှိန်သတိထားမိ၏။

အိမ်မ၏ အောက်ဆင့်တွင် ကျကျနနသင်ဖြူးခင်းထားရုံမက ရေနွေးဇွန်းနှင့် ချင်းသုပ်၊ လက်ဖက်၊ မြေပဲကြော်၊ ပဲလှော်ကြော်များ အသင့်ချထားပြီးသားဖြစ်နေ၏။ သည်အချက်ကို ကျော်ရှိန်သတိထားမိ၏။ မိမိတို့သည် ယခုမှ ရောက်လာကြပြီး မိမိတို့ကိုလည်း ယခုမှဖိတ်ခေါ်လာခဲ့ခြင်းဖြစ်ရာ မိမိတို့ရောက်မှ သင်ဖြူးခင်းရမည်။ "ဟဲ့ ... ရေနွေးတည်ပါဟ။ မြေပဲကြော်ပါဟ" ဖြစ်ရပေမည်။ ယခုသော်ကား အသင့်ဖြစ်နေပြီ။ မိမိတို့လာမည်ကို သိသောကြောင့်ပေလော၊ သို့မဟုတ် ... ။

ကျော်ရှိန် ဆက်မတွေးတော့ပါ။ စားကောင်းကောင်းနှင့် ချင်းသုပ်နှစ်ကော်လောက် ကော်စားမိသောအခါ ဆက်လက်တွေးတောရန် သတိမရတော့ပါ။

"ရေနွေးကြမ်းနဲ့ မြေပဲကြော်ပဲ စားကြနော်။ ချင်းသုပ်ကိုလျှော့စား ဟောလာနေပြီ၊ လာနေပြီ"

လူနှစ်ယောက်။ မည်းတုတ်နေသော မြူအိုးလေးလုံးကို ကြိုးမှဆွဲကာ အိမ်ဝိုင်းထဲဝင်လာကြသည်။ အိမ်ရှင်ရဲဘော်က နှီးခွေကရွှတ်များ ယူလာကာ ပုလိပ်သားများ၏ ဝိုင်းလယ်တွင် ချပေး၏။

"လာဟေ့ ... တလက်စတည်း ဒီမှာချကြကွ။ ကဲ စာသင်ကြီး အမောပြေလေး"

ကရွှတ်ခွေများပေါ်တွင် မြူအိုးများချလိုက်သည့်ခဏတွင် ပုံ့မွှမ်းသော ရနံ့သင်းသင်းသည် အမောပြေစ ပုလိပ်သားများ၏ နှာဝသို့ ဝင်ရောက်မြူ

mgyoe.com

mgyoe.com


မြိုက်၏။ အမည်းရောင်စက်ဝိုင်းတွင်းမှ ပုလဲဖောင်အမြှုပ်ကလေးတွေ ဖွဲ့နေသော စိမ်းလဲ့ကြည်သော အရည်သည် သောက်ချင် စဖွယ်ဖြစ်နေ၏။

"ဆရာ ဦးဦးဖျားဖျားကလေး"

ပုလိပ်သားတစ်ယောက်က ပြောင်ချောနေသော အုန်းမှုတ်ခွက်ဖြင့် ခပ်ကာ ကိုမင်းနောင်အားလှမ်းပေးသည်။

"သောက်သောက်၊ မင်းတို့ သောက်ကြ"

"ဆရာကော"

"သောက်မှာပါ။ ငါ့ကို ဦးချမနေနဲ့။ မြူအိုးတွေ အများကြီးပဲကွ။ ဘယ်အိုးသောက်သောက် သောက်လို့ရပါတယ်"

စာသင်ကြီးသည် တပည့်လက်သားများအား သောက်ခွင့်ပြုလိုက်ရာက "ရဲဘော်ကော၊ လာလေ" ဟု အိမ်ရှင်အား လှမ်းခေါ်သည်။

သို့ဖြင့် အိမ်ရှင်ရဲဘော်လည်း စကားတပြောပြောနှင့် ဝင်သောက်၏။ စာသင်ကြီးကာ တစ်ခွက် နှစ်ခွက်သောက်ပြီးနောက် ဆေးလိပ်သောက် လိုက် အမြည်းစားလိုက်နှင့် အချိန်ဖြုန်းနေရာက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်၏။

"တော်လောက်ပြီဟေ့၊ သွားကြစို့"

ကိုမင်းနောင် သတိ ဝီရိယ ရှိသည်၊ ထကြွသည်၊ နိုးကြားသည်။ သူ့နောက်လိုက် ပုလိပ်သားများကား မလှုပ်ကြသေး။ ကျော်ရှိန်မှအပ အားလုံးသည် သေရည်ကို စုံမက်နေကြသည်။

သည်အခြေအနေကိုမြင်သော အိမ်ရှင်ကလည်း "ဟိုရောက်ရင် တောင်မကျ မြောက်မကျ ဖြစ်နေမယ် စာသင်ကြီး။ ထမင်းစားပြီးမှ သွားပေါ့ဗျာ" ဟု ပြော၏။ သို့ဖြင့် ထန်းရည်မြူအိုးနှစ်လုံးကျော်ကျော် ကုန်ချိန်တွင် အိမ်ဆင့်ပေါ်မှ စာသင်ကြီး လျှောဆင်းလိုက်သည်။ စတင်းဂန်းကို ဆွဲယူလိုက်သည်။

"ကဲ ... ထကြဟေ့၊ သွားကြမယ်" ပုလိပ်သားများ မထချင်ထချင်ဖြင့် လေးတွဲ့စွာ ထကြစဉ် အိမ်ဝိုင်းထဲသို့ ရဲဘော်နှစ်ယောက် ဝင်လာကြ၏။

"ဟောဗျာ၊ ထမင်းတွေတောင်ချက်လို့ကျက်နေပြီ စာသင်ကြီးရဲ့။ထမင်းတော့ စားသွားပါဦး။ "စာရေးကြီးတုပ် အိမ်မှာ အားလုံးအသင့်ဖြစ်နေပြီ"

mgyoe.com

mgyoe.com


"အားနာစရာ ဦးထွန်းသိန်းရာ"

ရဲဘော် ထွန်းသိန်းမှာ အလယ်ရွာမှ ဖြစ်သည်။ ပုလိပ်များနှင့် သိကျွမ်းသော ရဲဘော်တစ်ယောက်ဖြစ်၏။

"အားနာစရာမဟုတ်တာ စာသင်ကြီးရာ။ ရဲဘော် ရာပြတ်ကလည်း အားလုံးအသင့်ဖြစ်မှ သူကိုယ်တိုင် လာခေါ်မယ် စိတ်ကူးထားတာဗျ။ ကြည့်စမ်း၊ ကျုပ်ရောက်လာပေလို့ပေါ့။ နို့မဟုတ်ရင် ထမင်းဟင်းတွေ အလကားဖြစ်ကုန်တော့မှာ။ ကံကောင်းလို့"

စာသင်မင်းနောင်မှာ တိုက်နယ်ပြည့်သူ့ရဲဘော်ခေါင်းဆောင်နှစ်ယောက်က ဦးစီးချက်ပြုတ်နေသည်ဆိုသောသတင်းကို ကြားသောအခါတွင် ဆက်လက်ငြင်းပယ်နိုင်ခြင်းမရှိတော့ဘဲ ရဲဘော်ထွန်းသိန်း၏နောက်မှ အသာကလေးလိုက်ပါလာခဲ့၏။

ဝေးဝေးလံလံကြီးတွင် မဟုတ်ပါ။ ဟိုဘက်သုံးလေးအိမ်ကျော်တွင်ရှိသော ကျယ်ဝန်းအေးချမ်းသော အိမ်တစ်လုံးတွင် ပြင်ဆင်နေကြခြင်း ဖြစ်၏။ ပုလိပ်သား ငါးယောက်နှင့် ခေါင်းဆောင်တစ်ယောက်အတွက် ချက်ပြုတ်သည်ဆိုစေကာမူ လူစုလူဝေးကြီးနှင့် ချက်ပြုတ်နေခြင်းဖြစ်သည်။

"ကြွပါစာသင်ကြီး၊ ကြွပါ"

ရဲဘော်ရာပြတ်က မဲသဲတုတ်ခိုင်သော ကိုယ်ကြီးဖြင့် ပြုံးရွှင်စွာ ဆီးကြိုရာက အိမ်ထဲသို့ပါ လှမ်းပြော၏။

"အားလုံးပြီးစီးရင် ထမင်းပြင်ကြတော့ဟေ့။ သိပ်မိုးချုပ်နေမယ်"

ထိုမှတစ်ဖန် ပုလိပ်သားများ ဘက်သို့ လှည့်လာပြန်ကာ ...

"ညောင်အိုင်မှာ အိပ်ရင်မကောင်းဘူးထင်တယ်။ လင်းမှ သွားကြပါလား"

ပုလိပ်များအား အိမ်ရှေ့မြေပြင်တွင် ခုံတန်းလျားများ ခင်းပေးကာ ရဲဘော်ရာပြတ်က ဧည့်ခံ၏။ ခဏကြာလျှင် "ထမင်းအသင့်ဖြစ်ပါပြီ စာသင်ကြီးတို့၊ ကြွကြပါ"ဟု လှမ်းအော်သံကြားရသည်။

ရဲဘော်ရာပြတ်သည် ပုလိပ်များနှင့်အတူလိုက်လာကာ ထမင်းပွဲဘေး

mgyoe.com

တွင် ရပ်လျက်ကြီးမှုုးပေးနေ၏။

"ငရုတ်သီးကြော် လိုက်ပါဦး တစ်ယောက်"

"ဟော့ – ဟင်းချိုလိုက်တဲ့လူဘယ်ရောက်နေလဲ"

"ကြက်သားလိုက်ပါဦး၊ ကြက်သား၊ စာသင်ကြီးစားပါ။ အားမနာပါနဲ့"

ဟင်းလိုက်သော ရဲဘော်များသည် ဟင်းတစ်မျိုး တစ်ယောက်ကျ လာရောက် ဖြည့်စွက်ကြပြီးနောက် ဟင်းချိုင့်၊ ဟင်းပန်းကန်များကို ဘေးနားကပ်၍ ချထားကာ ရပ်နေကြ၏။ သေနတ်ကို ဘေးချပြီး ထမင်းစားနေသော ပုလိပ်များသည် အနည်းငယ်သတိထားမိပြီး မျက်လုံး ကစားကြည့်လိုက်ပါက ဟင်းလိုက်နေသော ရဲဘော်များနှင့် မီးဖိုအဝတွင်ရပ်နေသော ရဲဘော်များ၏ မျက်လုံးများမှာ တစ်စုံတစ်ရာသောကိစ္စအတွက် စိတ်စောနေကြသည်ကို မြင်ရပေမည်။ မှုပျက်နေသည်ကို မြင်ရပေမည်။

ထိုရဲဘော်များ မည်သည့်ကိစ္စတွင် စိတ်စောနေသောကြောင့် မှုပျက်နေကြရသနည်းဟူသည်ကို "ဟာ ... ဒီကောင် သေနတ်ကို တက်နင်းရသလားကွ" ဆိုသော ရဲဘော်ရာပြတ်၏ ငေါက်ငမ်းသံနှင့်အတူ သေနတ်တစ်လက်ကို ကောက်ယူလိုက်ခြင်းက အဖြေပေးလိုက်ပါတော့သည်။

ဗိုလ်ရာပြတ်နှင့် မရှေးမနှောင်းပင် ရဲဘော်ထွန်းသိန်းကလည်း စာသင်မင်းနောင်၏ စတင်းဂန်းကို ကောက်ယူလိုက်ပြီးဖြစ်သလို၊ ကျန်ရဲဘော်များကလည်း နီးရာသေနတ်ကို ကောက်ယူရုံသာမက ကြက်သေသေနေသော ပုလိပ်များ၏ကျောကို သေနတ်ပြောင်းဝနှင့် တေ့ထားလိုက်ကြ၏။

သို့သော် ထိုလျှပ်တစ်ပြက်အချိန်ကလေးအတွင်း၌ ပုလိပ်သားကျော်ရှိန်သည် သူ၏သေနတ်ကို အမိအရကောက်ယူနိုင်ခဲ့ကာ နောက်ဆုတ်ပြီး မောင်းထိုးလိုက်ချိန်တွင် ပြင်းထန်သော သေနတ်သံတစ်ချက် ပေါ်လာသည်။ ကျော်ရှိန်မှာ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း သေနတ်လွတ်ကျလျက် ခွေကျသွားလေ၏။

"ဟော့ .... မပြေးနဲ့"

mgyoe.com

mgyoe.com

သေနတ်သံများ ဆူညံသွားပြန်သည်။

ထို့နောက် ချက်ချင်း ပြန်လည် ၏တိတ်ဆိတ်သွားပြန်၏။

ဘကြည်နှင့်ကုလားမှာ ရဲဘော်များ၏ သေနတ်အောက်တွင် မလှုပ်မယှက် ကျန်နေခဲ့ကြငြား စာသင်မင်းနောင်နှင့် ပုလိပ်သားညွှန့်လှိုင်၊ လှမောင်တို့ကား ထွက်ပြေးလွတ်မြောက်သွားကြလေပြီ။ နောက်ထပ်ထွက်ပေါ်လာသော သေနတ်သံများမှာ ထွက်ပြေးသူများအား ပစ်ခတ်တားဆီး ခြင်းဖြစ်၏။

"လူတွေလာမေးရင် ဘာမှမဟုတ်ဘူး၊ ပုလိပ်တွေမူးပြီး ရမ်းတာလို့ ပြောဟေ့။ သွားပြီး ခြံဝကနေပြီး ပိတ်ထားဟေ့။ ဘယ်သူမှမဝင်စေနဲ့"

ရဲဘော်ထွန်းသိန်းက ရတ်တရက် ဝိုင်တွေသွားသူများအား လှုပ်နိုးလိုက်ပြီးနောက် "ဖမ်းထားတဲ့လူတွေ ဘာလုပ်မလဲ ကိုရာပြတ်" တစ်ဆက်တည်းမေးလိုက်လေသည်။

"အလောင်းကြီးကိုတော့ မြေမြှုပ်သင်္ဂြိုဟ်ရမှာပေါ့ဗျာ။ ပုလိပ်နှစ်ယောက်ကို ကျုပ်တို့ဌာနချုပ်မှာ ခဏချုပ်ထားလိုက်ကြတာပေါ့"

ထိုစဉ်တွင် ထွက်ပြေးသူများနောက်သို့ လိုက်သွားသူများ ပြန်လာကြ၏။ သူတို့သည် စတင်းဂန်း ကျည်အိမ်တစ်ခုနှင့် ရိုင်ဖယ်ကျည်ကတ်ငါးခု ကောက်ရလာခဲ့ကြသည်။ ထွက်ပြေးသူများ ကျကျန်ခဲ့ခြင်းဖြစ်ပေမည်။

"မမိလိုက်တာနာတယ်ကွာ" စသည်။ "ငါပစ်လိုက်တာ သီသီကလေး လိုတော့တာ" စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် ရဲဘော်ထွန်းသိန်းသည် ကျော်စွာအားလှမ်းခေါ်ကာ မိုးနံ့တောသို့ သတင်းပို့ရန် စေခိုင်းလိုက်လေ၏။

စောစောက မီးရောင်တထိန်ထိန် လူသံအုတ်အုတ်ကျက်ကျက်ဖြစ်နေခဲ့သော အိမ်မှာ အလောင်းကြီးနှင့် ပုလိပ်သားနှစ်ယောက်ကို ထုတ်ယူသွားချိန်တွင် မှောင်ကြီးကျလျက် ငြိမ်သက်စွာ ကျန်နေခဲ့လေ၏။

*နိုဝင်ဘာ၊ ၁၉၈၃၊ ပေဖူးလွှာ*

❑

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

(၂)

စာသင်မင်းနောင်သည် နောက်ကိုလုံးဝ လှည့်မကြည့်။ ပြေးနိုင်စွမ်းရှိသလောက် တအားပြေးလာခဲ့သည်။ နှင်းပေါက်များ တဖြောဖြောကျနေ သံကိုလည်း မကြား၊ နှင်းမှောင်နှင့် ညဥ့်အမှောင်တို့ ပူးယှက်ထားသော မှောင်ထုကြီးထဲသို့ တအားပြေးဝင်လာသည်။

ဆောင်းနှင်းပေါက်များသည် စောစီးစွာပင် တသည်းသည်း ကျနေကြပြီ။ သည်အထဲတွင် ဖုန်သိပ်စလှည်းလမ်းကြောင်းအတိုင်း လေအေးကလေးက တိုက်ခတ်လာသေး၏။ သို့တစေ စာသင်မင်းနောင် တစ်ကိုယ်လုံး ချွေးတွေဖြင့် နစ်နေ၏။

ဌာနအုပ် ဦးထွန်းရွှေသည် ရာဇဝတ်အုပ် ဦးရန်ညွန့်နှင့် အေးဆေးစွာ စကားပြောနေရာမှ လူတစ်ယောက်ပြေးလာသည်ကို ရိပ်ခနဲမြင်လိုက်သောကြောင့် ဆတ်ခနဲ လည်ပင်းရှည်ကြည့်လိုက်စဉ် လှေကားရင်း၌ လဲကျသွားသူကို မြင်လိုက်ရသည်။

"ရန်ညွန့်၊ ဘာလဲသွားကြည့်စမ်း"

ဦးရန်ညွန့်ထသွားပြီးမကြာမီ၊ စာသင်မင်းနောင်အား တွဲခေါ်လာသည်။ အမောဆို့နေသော သူ့တပည်ကြီးကို မြင်ကတည်းက ကြိုတင်မြင်နိုင်စွမ်းမရှိသော အန္တရာယ်ကြီးတစ်ခုကား မုချဆိုက်ရောက်လာပြီတည်းဟု ဌာနအုပ်နားလည်လိုက်ပေပြီ။

"ကျွန်တော်တို့ .... ကျွန်တော်တို့ ...."

ပြောသူကလည်း ပြောချင်ဇောဖြင့် တအားပြော၏။ နားထောင်သူ

mgyoe.com

mgyoe.com

လည်း အကြောင်းခြင်းရာကို သဲကွဲစွာသိလိုသဖြင့် အာရုံစိုက်ထား၏။ စကားလုံးများကား ချောမောစွာထွက်မလာ။

ဦးထွန်းရွှေ စိတ်ကိုထိန်းလိုက်၏။

"အမောဖြေဦး မင်းနောင်၊ အေးအေးဆေးဆေး ရေလေးဘာလေးသောက်၊ အမောပြေမှ ပြောကွ"

သူတို့သည် စာသင်ကြီး အမောပြေသွားတော့မှ ညင်သာစွာ မေးမြန်းနိုင်ခွင့်ရကာ ထမင်းစားနေစဉ် အငိုက်မိခံရပုံ။ မည်သူသေ၍ မည်သူတွေ လွတ်သွားသည် မသိ။ ကိုယ်လွတ်ရန်းပြေးခဲ့ရပုံကို ရေလည်စွာပြောပြသည်။

ဌာနအုပ်သည် လက်ပတ်နာရီကို မီးရောင်တွင် ထောင်ကြည့်လိုက်၏။ ရှစ်နာရီ ဆယ့်ငါးမိနစ်။

"လက်နက်တွေ မဟုက်နိုင်ခင်အုပ်မိအောင် ညတွင်းချင်းလိုက်မှ ဖြစ်မယ်။ ကဲ ရန်ညွန့်၊ တန်းစီ ပေ့စေဟေ့။ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောမနေနဲ့။ လက်နက်နဲ့ တန်းစီပေ့စေ။ မော်တာရော၊ ဘရင်းဂန်းပါပါ ပေ့စေ"

"ဆရာ့မော်တာကြီးက ဂျပန်မော်တာကြီးပဲ ဆရာရဲ့၊ ဟန်ပါ့မလား"

ဌာနအုပ်သည် ရာဇဝတ်အုပ်အား မျက်နှာထားဖြင့် တစ်ချက်ကြည့်ပြီးနောက် စာသင်ကြီးဘက်သို့ လှည့်လိုက်လေသည်။ စာသင်ကြီးမှာ အမိပျောက်စဉ်က စိတ်အားငယ်ခဲ့ရသလောက် မိခင်ရင်ခွင်ကို ပြန်လည် နမ်းရှုပ်ခွင့်ရချိန်တွင် အားမာန်များ ပြန်လည်ဖြစ်ထွန်းလာသော နွားငယ်ကလေးအလား၊ အားသစ်စိတ်သစ် ပြန်လည်ပေါက်ဖွားလာခဲ့သည်။

"လိုက်ရဲပါ့မလားဟေ့"

"ဘယ့်နှယ့်ပြောပါလိမ့်၊ လိုက်ရဲပါတယ်ဆရာ၊ ဒီကောင်တွေကို လက်စားချေချင်လွန်းလို့ပါ"

"အေး.... ဒါပေမဲ့ စည်းမဲ့ကမ်းမဲ့ စိတ်နောက်ကိုယ်ပါ လုပ်ရင်တော့ ဒုက္ခတွေ့မယ်နော်၊ ပုလိပ်ဆိုတာ စည်းကမ်းနဲ့ ဥပဒေဘောက်တော်သားဆိုတာ၊ ဘယ်တော့မှ မေ့လို့မရဘူး"

ပြောပြောဆိုဆိုဖြင့် သူတို့သည် အိမ်ပေါ်မှ ဆင်းလာကြ၏။

mgyoe.com

mgyoe.com


ဂါတ်ကြီးရှေ့ မှောင်ထဲတွင် ပုလိပ်အဖွဲ့ဝင်များ အသင့်ဖြစ်နေကြသည်ကို အိမ်များမှ မီးရောင်အားဖြင့် မသဲမကွဲမြင်ကြရ၏။ ရာဇဝတ်အုပ် ဦးကိုလေးသည် ဂါတ်စာရေး စားပွဲရှေ့မှ စောင့်ကြိုကာ သတင်းပို့ပြီးနောက် "လိုရမည်ရ အင်းကန်က ကိုဘမော်တို့ဆီကို လူလွှတ်အကြောင်းကြားလိုက်တယ်"ပြော၏။

"နတ်မောက်ကိုကော"

"နတ်မောက်လည်း သွားပြီဆရာ" ကိုလေး ခေါင်းဆောင်ပြီး ပန်းတော်ကျင်းကို ဝိုင်းရမယ်။ ပါသွားတဲ့ လက်နက်တွေ ပြန်ရဖို့နဲ့၊ တရားခံတွေ မိဖို့ပဲ။ အင်အားသုံးဆယ်၊ ဘရင်းတစ်လက်၊ မော်တာ တစ်လက်၊ ရန်ညွှန့်ပါ လိုက်သွား"

ရာဇဝတ်အုပ်ဦးကိုလေးသည် အလေးပြုပြီးဂါတ်ရှေ့သို့ထွက်လာစဉ် ဌာနအုပ်လှမ်းပြောသေးသည်။

"တို့လည်း ဒီက အသင့်အနေအထားနဲ့ ရှိနေမယ်။ သတိဝီရိယနဲ့သွား"

ဦးကိုလေးသည် မှောင်ထဲသို့ ဝင်ရောက်လာကာ တပ်စိပ်သုံးစိတ်ကို ဆွဲထုတ်လိုက်သည်။ ပြောစရာများကို အတိုချုံးပြောပြီးနောက် ရှေ့ပြေး ကင်းနှင့် မနီးမဝေးမှ ချီတက်လိုက်ပါလာခဲ့လေသည်။

ပုလိပ်တပ် ထွက်သွားလျှင် ဌာနအုပ်သည် လက်ပတ်နာရီကို မြှောက်ကြည့်လိုက်၏။ သုညနာရီဆယ့်ငါးမိနစ်။

ရွှေပန်းတောပုလိပ်တပ်သည် ကျောင်းကုန်းရွာကိုရှောင်ကွင်းပြီး ပန်းတော်ကျင်းရွာသို့ တဖြည်းဖြည်းချည်းကပ်လာခဲ့၏။ ပုလိပ်အဖွဲ့ဝင်များမှာ မခန့်မှန်းတတ်သော ရန်သူနှင့် ရင်ဆိုင်ရန် စိတ်အား ထက်သန်နေကြသည်။

ရှေ့တွင် ပန်းတော်ကျင်းရွာကို မည်းမည်းအုပ်အုပ်ကြီး မြင်နေရပြီ။

ရုတ်တရက် မီးတောက်များပေါ်လာသည်။ ဟိုနားတစ်စု၊ သည်နားတစ်စုနှင့် မီးပုံကြီးများ ဖြစ်သည်။ ရွာထဲမှမဟုတ် ရွာပြင်မှ ဖြစ်သည်။

ဦးကိုလေး အကြံအိုက်သွား၏။ တိတ်တဆိတ် ချဉ်းကပ်ပြီး ရွာကိုဝိုင်းထားမည့် အကြံအစဉ်ပျက်တော့မလိုဖြစ်နေပြီ။

"ဟော့၊ ဘာပြုလို့မီးရှို့နေတာလဲ။ ဘယ်သူတွေလဲဆိုတာ တစ်ယောက်

mgyoe.com

mgyoe.com


သွားစုံစမ်းကွာ၊ သတိလည်းရှိဟော့"

ရှေ့ပြေးကင်းတစ်ယောက်အား ရွာခြေသို့ လွှတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ပုလိပ်တပ်သည် ကိုက်တစ်ရာအတွင်းသို့ ချဉ်းကပ်လာခဲ့ကာ နေရာယူထားကြသည်။

ပန်းတော်ကျင်းရွာက ပကတိတိတ်ဆိတ်နေ၏။ လှုပ်ရှားမှုဟူ၍ ဦးကိုလေးတို့ မြင်နေရသော မီးပုံကြီးများသာရှိ၏။ မီးပုံများထဲသို့ မည်သူတွေက ထင်းမီးထပ်ထည့်ပေးနေသနည်း၊ အင်အားမည်မျှနည်း၊ မမြင်ရ။

မီးရောင်အောက်သို့ ကင်းအဖွဲ့မှ ပုလိပ်တစ်ယောက် ဝင်သွားချိန်သည် မကြာညောင်းလှ။ သည်မကြာညောင်းလှသော အချိန်ကိုပင် ဦးကိုလေးမှာ ကြာညောင်းလှချည့်ဟု ထင်နေသည်။ မီးပုံမှ တဖျပ်ဖျပ်လွင့်တက်သွားသော မီးဖွားကလေးများသာလျှင် လှုပ်ရှားနေတော့သည်။

"ရပ် .... လက်မြှောက်၊ လက်နက်ချ"

ကြောက်မက်ဖွယ်ရာအသံကြီးသည် ရွာတံခါးဝမှ ပေါ်လာ၏။

တစ်ဦးတည်း အရဲစွန့်တက်သွားခဲ့သော ပုလိပ်သားကလေးမှာ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သော သည်အသံကိုကြားသည့်ခဏ၌ တုံ့ခနဲ ရပ်သွား၏။ ချက်ချင်းနောက်သို့ပြန်လှည့်ကာ ပြေးလာစဉ် သေနတ်သံများ ပေါ်လာသည်။ ကျည်ဆန်များသည် ပုလိပ်သားကလေး၏ဘေးမှ ပွတ်ကာသီကာ မြေကြီးထဲ ပြေးဝင်ကြသည်။

"ပစ်"

သည်ပုလိပ်သားကလေးကို ကယ်ဆယ်ရန်အတွက် ဦးကိုလေး အမိန့်ပေးရတော့သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ပန်းတော်ကျင်းရွာမှာ တစ်ခဏအတွင်း သေနတ်သံများ လွှမ်းခြုံသွားတော့သည်။ ရှားစောင်းပြာသာဒ်ပင်များ ကျိုးကျသည်။ နဘူးချုံများ ပြတ်သတ်ကုန်သည်။

တစ်ဖက် ရန်သူ၏ပစ်အားသည် မည်မျှရှိသနည်း။

ထိုရန်သူသည် ယမန်နေ့ညနေက လုယူလိုက်သော သေနတ်ခြောက်

mgyoe.com